ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၆)


## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံစစ်သံမှူးများအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး **Colonel Kasem Nakpun** နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel Prissapa Suvanatat** တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Kasem Nakpun နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Prissapa Suvanatat တို့အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူပိုင်ခွင့်စနစ် ပီပြင်စွာဖြစ်ထွန်းရေး ဝန်ကြီးဌာနများ ပူးပေါင်းပါဝင်မှုဖြင့် ဟန်ချက်ညီညီဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝ သယံဇာတများ ပေါများ ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တည်ရှိနေသော အဖိုးထိုက်တန်သည့် သစ်ပင်ပန်းမန်များ၊ ရှားပါးသည့် တိရစ္ဆာန်များ၊ တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသက်မဲ့ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ပစ္စည်းများနှင့် တီထွင်ကြံဆဆောင်ရွက်ထားသည့် ပစ္စည်းများ၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများစသည်တို့ အမြောက်အမြားတည်ရှိနေသည်။

ယင်းကဲ့သို့တည်ရှိနေသည့် နိုင်ငံပိုင်ရုပ်ဝတ္ထုပစ္စည်းများအား နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ကဏ္ဍအသီးသီး၏ အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် မူပိုင်ခွင့်သည် ရှိသင့်ရှိအပ်သည့် လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၁ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပသော မူပိုင်ခွင့် (Intellectual Property System) ဖြစ်ထွန်းရေးဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်–

**“WIPO အဖွဲ့အစည်းကြီးနှင့် နိုင်ငံတကာ ဉာဏပစ္စည်းမူပိုင်ခွင့် ကျင့်ဝတ်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ လိုက်လျောညီထွေစွာ မိမိတို့မြန်မာနိုင်ငံအတွင်း၌လည်း Intellectual Property System တစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ် (Intellectual Property System) တစ်ရပ် ဖြစ်ထွန်းရေးအတွက် လွန်ခဲ့သည့် ၁၀နှစ်ခန့်က စတင်အစပျိုး ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က မူပိုင်ခွင့်စနစ်တစ်ရပ် ပီပီပြင်ပြင် ပေါ်ထွန်းစေရန်အတွက် ရေရှည်အကျိုးစီးပွားကို မျှော်တွေးပြီး ယင်းကဲ့သို့ မှာကြားခဲ့ခြင်း ဖြစ်သည်။

သာဓကအားဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ရှားပါးသစ်ပင်များ၊ တိရစ္ဆာန်များ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ အပါအဝင် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းများရှိသည်။ နိုင်ငံတကာ၌မရှိသော ရှားပါးရေသတ္တဝါ၊ ကုန်းသတ္တဝါစသည့် မြန်မာမျိုးရင်းပစ္စည်းများ၊ သစ်တောသတ္တု စသည့် သယံဇာတပစ္စည်းများသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်စုံ၌ ကြွယ်ဝစွာ ဖြစ်တည်လျက်ရှိသည်။ ယင်းတို့ကို မူပိုင်အဖြစ်သတ်မှတ် အကာအကွယ်ပေးထားရန် အထူးလိုအပ်လျက်ရှိသည်။

နိုင်ငံတကာတွင် World Intellectual Property Organization (WIPO) အဖွဲ့အစည်းကြီး တည်ရှိပြီး ဖြစ်သည်။ ယခုနှစ် ဇွန်လအတွင်းက ဉာဏပစ္စည်း မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကို (˚WIPO˚) အဖွဲ့ကဦးစီး၍ မြန်မာနိုင်ငံ၌ လာရောက်ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်ပြုလုပ်ရန် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ ရုံးအဖွဲ့အစည်းတစ်ရပ် ထူထောင်ခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်း၊ ဥပဒေနှင့် မညီညွတ်သည်များကို အရေးယူဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဖြစ်ထွန်းတည်ရှိနေသည့် သက်ရှိသက်မဲ့ ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ မူပိုင်ခွင့်စနစ်တစ်ရပ် ပီပြင် စနစ်ကျစွာ ဖြစ်ထွန်းလာစေရေးအတွက် ဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၆–၁၀–၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Matrices and Determinats (သင်္ချာ၊ စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”** (အပိုင်း–၃၃) ဇာတ်သိမ်းပိုင်း
၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိန်းငှက်သူရဲကောင်း”** (အပိုင်း–၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စေတနာအပြည့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၅

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း(၂/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေးဝန်ထမ်း သင်တန်းကျောင်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ ကျန်းမာရေးဝန်ထမ်း သင်တန်းကျောင်းအနေဖြင့် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်တို့၏ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန် သင်တန်းများ ဖွင့်လှစ်ပြီး လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း၊ ၁၉၉၉ခုနှစ်မှ ၂၀၀၄ခုနှစ် စက်တင်ဘာအထိကာလအတွင်း ကျန်းမာရေး စောင့်ရှောက်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း ၁၂ကြိမ်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး (TMO) သင်တန်းတစ်ကြိမ်၊ ဆရာဝန်မွမ်းမံသင်တန်း နှစ်ကြိမ်၊ မြို့နယ်ကျန်းမာရေးမှူး (THA)သင်တန်းတစ်ကြိမ်၊ ကျန်းမာရေးမှူးအဆင့်(၁) သင်တန်းနှစ်ကြိမ်၊ ရုံးလုပ်ငန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းတစ်ကြိမ် စုစုပေါင်း၁၉ကြိမ် သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ သင်တန်းများမှာ ဆရာဝန် ၂၃၆ဦး၊ သူနာပြု ၁၈၈ဦး၊ ကျန်းမာရေးမှူး ၁၀၄ဦး၊ ရုံးဝန်ထမ်း ၅၀ စုစုပေါင်းဝန်ထမ်း ၅၇၈ဦးတို့ကို လေ့ကျင့်သင်ကြားပို့ချခဲ့ပြီး ဖြစ်ကြောင်း။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျန်းမာရေးလူအင်အား ဖွံ့ဖြိုးမှုဆိုင်ရာ လမ်းညွှန်ချက်အဖြစ် “ကျန်းမာရေးနယ်ပယ်အပါအဝင် သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံကျသည်မှာ လူသားအရင်းအမြစ်ပင်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမရှိပါက ပညာရပ် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း”**ဟု မိန့်ကြားခဲ့ကြောင်း၊ ဆရာဝန်များကို ယခုကဲ့သို့ ခေါ်ယူသင်တန်းပေးခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုလို ကျန်းမာရေးဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ခြင်းဖြင့် ပစ္စည်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ပေးခြင်းတို့ကို အချိုးညီညီ ပေါင်းစပ်နိုင်မှသာ ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

### ဆွေးနွေးပို့ချမည်

ယခုဖွင့်လှစ်ပို့ချမည့် ကျန်းမာရေး စောင့်ရှောက်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်း(၂/၂၀၀၄)သည် ခေါင်းဆောင်မှုအပိုင်း၊ စည်းရုံးဆောင်ရွက်မှု အပိုင်းများကို ဦးစားပေးထည့်သွင်းထားပြီး နိုင်ငံတော်၏ ကျန်းမာရေး ဆိုင်ရာမူဝါဒများ၊ နိုင်ငံတကာနှင့်ယှဉ်ပြီး ဆောင်ရွက်နေရသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများအပြင် အတွေးအမြင် အသစ်နှင့် လုပ်ငန်းခွင်ဘက်စုံ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရသည့် စီမံခန့်ခွဲမှု နည်းပညာအသစ်များကိုလည်း လေ့လာသင်ကြား ဆွေးနွေးသွားကြရမည် ဖြစ်ကြောင်း။ ဆက်သွယ်ရေး နည်းပညာ (IT) ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ကြီး ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတွင် စတင်စီစဉ်ဆောင်ရွက်လျက်ရှိသည့် (e-Government) အကြောင်းကိုလည်း ထည့်သွင်းဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့ ဆည်းပူးရရှိမည့် အသိပညာ၊ အတတ်ပညာများကို အသုံးပြုပြီး အရည်အသွေးပြည့်ဝသည့် ဆရာဝန် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့ လေ့လာဆည်းပူးရရှိသည့် ပညာရပ်များကို လက်ဆင့်ကမ်းဖြန့်ဖြူးပွားများ သင်ကြားပေးကြရန်၊ ကျန်းမာရေးရည်မှန်းချက်များ အောင်မြင်အောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ အပြန်အလှန် ပူးပေါင်းပါဝင်ဆောင်ရွက်မှုစွမ်းအားကို ရယူအသုံးချ၍ ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့တာဝန် ကျေပွန်စွာဖြင့် ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စေတနာအပြည့်ထား၍အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟုစသည်ဖြင့် ပြောကြားသွားသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းသို့ ပြည်နယ်တိုင်းများမှ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး၊ တာဝန်ခံ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ စုစုပေါင်း ၃၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၄ ရက်က လမ်းမတော်မြို့နယ် အမှတ် (၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ခန်းမတွင် နေလ ရောင်ခြည် စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးခင်မောင်၊ ပြန်ကြားရေးနှင့်** ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၈၇)

# အမေရိကန် ဆီးနိတ်ရဲ့ သံကိုကြွက်စား သားကိုစွန်ချီ ဆုံးဖြတ်ချက်

**အောင်မိုးစံ**

သံကိုကြွက်စား သားကိုစွန်ချီဆိုတာ မဖြစ်နိုင်တာကို အဖြစ်သဘော လုပ်ကြံပြောတဲ့စကား ဖြစ်ပါတယ်။ မမှန်မကန် လုပ်ကြံအနိုင်လုတဲ့စကား ဖြစ်ပါတယ်။

အခုရက်ပိုင်းအတွင်း မြန်မာအစိုးရလုပ်ရပ်ဟာ အရှေ့တောင်အာရှ လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း၊ ဒါကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တင်ပြဖို့ အမေရိကန်ဆီးနိတ်က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြောင်း သတင်းကို အနောက်သြဇာခံသတင်းဌာနများက နားလျှံအောင် ထုတ်လွှင့်နေပါတယ်။

ဒါဟာ **တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေတဲ့ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ အာဆီယံအဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေမှု၊ အာရှဒေသရော၊ အခြားသော သမာသမတ်ကမ္ဘာ့နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် မလိုမုန်းထား သွေးထိုးဖြိုဖျက်လိုက်မှု ဖြစ်ပါတယ်။**

**အကြောင်းရင်းကတော့ မြန်မာအစိုးရဟာ အမေရိကန်ရဲ့သြဇာခံ မလုပ်လို့ ဖြစ်ပါတယ်။ အမေရိကန်အလိုကျ မဆောင်ရွက်လို့ဖြစ်ပါတယ်။ တိုင်းပြည် ပျက်ရင် ပျက်ပါစေ၊ တည်ဆဲအစိုးရကသာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ သြဇာခံလုပ်မယ်ဆိုရင် ဘွဲ့ထူးဂုဏ်ထူးတွေ တသီကြီးပင် ရလာနိုင်ပါတယ်။**

တကယ်လို့သာ မြန်မာနိုင်ငံဟာ ဒေသလုံခြုံရေးအတွက် စိုးရိမ်နေရတယ်ဆိုရင် အိမ်နီးချင်းနိုင်ငံများနဲ့ အရှေ့တောင်အာရှနိုင်ငံများကသာ အရေးဆိုရမယ်ဖြစ်ပါတယ်။ အခုတော့ ကမ္ဘာမှာ မြန်မာနိုင်ငံနဲ့ လွန်စွာအလှမ်းဝေးတဲ့ အမေရိကန်ဆီးနိတ်ကထပြီး အရေးဆိုတယ်ဆိုတာ "Undue concern shown over somebody's affair lit: The pan is not hot, but the lid is on fire" အိုးကမပူ စလောင်းကပူ၊ "To exaggerate, to make a mountain out of a mole hill"ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲဆိုသလို ရယ်ဖွယ်ရာ ဖြစ်နေပါတယ်။

**ဒီကနေ့ ကမ္ဘာမှာ နိုင်ငံတကာလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတာ အမေရိကန်သာ ဖြစ်ပါတယ်။**

ယေးလ်တက္ကသိုလ်မှ သမိုင်းပညာရှင် ဂွန်လူးဝစ်ဂက်ဒစ်ခ်က ဘုရှ် အစိုးရအဖွဲ့ဟာ မဟာဗျူဟာဒေါက်တိုင်ကြီး သုံးတိုင်ကို အခြေပြု ချမှတ်ခြင်းပြုတယ်လို့ ရေးထားပါတယ်။ ဒီဒေါက်တိုင်ကြီးသုံးတိုင်ကတော့ ဗိုလ်ကျစိုးမိုးခြင်း ဒေါက်တိုင်၊ လက်ဦးမှုရယူတိုက်ခိုက်ခြင်း ဒေါက်တိုင်၊ တစ်ဖက်သတ် ပြုလုပ်ခြင်း ဒေါက်တိုင်တို့ ဖြစ်ပါတယ်။ အခုလို အမေရိကန်ရဲ့ အတ္တလွန်ကဲစွာ ချမှတ်ထားတဲ့ ဒေါက်တိုင်ကြီးသုံးတိုင်ဟာ နိုင်ငံတကာပြည်သူတွေအဖို့ လွန်စွာပင် စိုးရိမ်ဖွယ်ရာ ဖြစ်ပါတယ်။ နိုင်ငံတကာပြည်သူတွေဟာ ကမ္ဘာ့အဏုမြူလက်နက်နိုင်ငံကြီး တစ်နိုင်ငံရဲ့ အန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။

"အမေရိကန်နိုင်ငံဟာ တစ်ချိန်တစ်ခါက နိုင်ငံများရဲ့ လေးစားမှုကို ခံခဲ့ရကြောင်း၊ ဒါပေမယ့် အခုအခါ နိုင်ငံများရဲ့ကြောက်ရွံ့မှုကို ကြုံနေရကြောင်း မဲဆွယ်စည်းရုံးပွဲတွင် သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားသွားပါတယ်။ အီရတ်စစ်ပွဲဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲနေတဲ့ သမ္မတဘုရှ်ရဲ့ လုပ်ဆောင်ကြိုးပမ်းချက်များအား နိုင်ငံတကာက အားပေးထောက်ခံမှုများကို ဖျက်ဆီးပစ်ကြောင်း၊ အမေရိကန်ခေါင်းဆောင်အဆက်ဆက်တို့ ထိန်းသိမ်းခဲ့တဲ့ လက္ခဏာကောင်းများကို သမ္မတဘုရှ်က ချေဖျက်ခဲ့ကြောင်း" သမ္မတလောင်း ဂျွန်ကယ်ရီက ပြောကြားသွားပါတယ်။ ဒါကြောင့် အမေရိကန်လွှတ်တော်များဟာ အဏုမြူလက်နက်နိုင်ငံမဟုတ်တဲ့ မြန်မာ့အရေးထက် နိုင်ငံတကာကို ခြိမ်းခြောက်နေတဲ့ မိမိတို့အရေးကိုသာ မိမိတို့ ထိန်းသိမ်းကြဖို့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရရှိရေးအတွက် ကမ္ဘာ့နိုင်ငံများတွင် အင်အားခွဲဖြာမှုရှိသော ကမ္ဘာစနစ်တစ်ရပ်ကို ကျင့်သုံးဖို့ လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘူထရို့စ်ဘူထရို့စ်ဂါလီက အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ပြုလုပ်သော လူတွေ့မေးမြန်းခန်းတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

တရုတ်၊ အိန္ဒိယနဲ့ ဥရောပသမဂ္ဂတို့ဟာ နိုင်ငံတကာရေးရာများတွင် ပိုမိုမြင့်မားသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသွားသင့်ကြောင်း ဩဂုတ်လတွင် ပြုလုပ်တဲ့ မေးမြန်းခန်းမှာ ပြောပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကာလကို ဖြတ်သန်းနေသော မျက်မှောက်ကမ္ဘာတွင် အင်အားတစ်ခုတည်းက ခြယ်လှယ်တဲ့ ကမ္ဘာစနစ်ဟာ အကောင်းထက် အဆိုးကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အင်အားခွဲဖြာမှုရှိတဲ့ ကမ္ဘာစနစ်ကသာလျှင် ကမ္ဘာ့ကောင်းကျိုးကို သယ်ပိုးနိုင်မည်ဖြစ်ကြောင်း ၁၉၉၂ ခုမှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဂါလီက ပြောပါတယ်။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို မိမိရဲ့ကံကြမ္မာကို မိမိစီရင်ဆုံးဖြတ်နိုင်သော အခွင့်အရေးရှိကြောင်း ဂါလီကပြောပါတယ်။ ဂါလီဟာ အမေရိကန်အစိုးရကအဆိုပြုသော အရှေ့အလယ်ပိုင်း အစီအစဉ်ကိုလဲ ဆန့်ကျင်ကန့်ကွက်ထားသူဖြစ်ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံ၊ အီရတ်နိုင်ငံနဲ့ တူရကီနိုင်ငံများ အကျုံးဝင်သော မဟာအရှေ့အလယ်ပိုင်းနိုင်ငံရေးအစီအစဉ်ဟာ အာရပ်ကမ္ဘာရဲ့ သွေးစည်းညီညွတ်မှုကို ထိခိုက်စေနိုင်တဲ့အပြင် ပါလက်စတိုင်းပြဿနာကိုလဲ ချန်ထားရာရောက်ကြောင်း၊ အာရပ်ကမ္ဘာနဲ့ ဥရောပသမဂ္ဂတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရန်ကြိုးပမ်းအားထုတ်မှုအရပ်ရပ်ကိုလဲ ထိခိုက်စေနိုင်ကြောင်း ဂါလီကပြောပါတယ်။

အနောက်ဘက်တွင် မော်ရိုကိုနိုင်ငံမှသည် အရှေ့ဘက်တွင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နိုင်ငံတို့အထိ တိုင်အောင် တစ်နံတစ်လျား ရှည်လျားသော အရှေ့အလယ်ပိုင်းဒေသတွင် ဒီမိုကရေစီမြှင့်တင်စေနိုင်မယ့် အစီအစဉ်တစ်ရပ်ကို အမေရိကန်အစိုးရက ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့တယ်။

ဘယ်ပြုပြင်ပြောင်းလဲမှုမျိုးကိုမဆို သက်ဆိုင်ရာနိုင်ငံအတွင်းက အကောင်အထည်ဖော်ရမယ်ဖြစ်ပြီး ပြင်ပကမ္ဘာက အကောင်အထည်ဖော်ပေးနိုင်မယ် မဟုတ်ကြောင်း ဂါလီကအလေးအနက်ပြောကြားတယ်။ အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်ဟာ သူ့ကိုယ်သူ ဥပဒေပြဋ္ဌာန်းသူသဖွယ် သဘောထားကာ တစ်ဖက်သတ်ဆောင်ရွက်နေကြောင်း၊ ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များပါ ထိခိုက်ရကြောင်း၊ အမေရိကန်ဟာ ၁၉၉၉ ခုနှစ်တွင် ကိုဆိုဗိုစစ်ပွဲကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အီရတ်စစ်ပွဲကိုလည်းကောင်း တစ်ဖက်သတ် စစ်ဆင်တိုက်ခိုက်ခြင်းဖြင့် ကုလသမဂ္ဂအခန်းကဏ္ဍကို ပစ်ပယ်ခဲ့ပြီး ကမ္ဘာ့အဖွဲ့အစည်းဖြစ်သော ကုလသမဂ္ဂ သြဇာအာဏာ ထိခိုက်ရကြောင်း၊ တရုတ်ပြည်ဟာ ကမ္ဘာရေးရာများတွင် တရားမျှတတဲ့ ရပ်တည်ချက်ကို ကာလကြာရှည်စွာ ကိုင်စွဲလာခဲ့ကြောင်း၊ တရုတ်နဲ့ အာရပ် ဆက်ဆံရေးတိုးတက်စေဖို့ ဦးတည်ကြိုးပမ်းခဲ့ကြောင်း ဂါလီက ဆက်လက် ပြောကြားသွားပါတယ်။

တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေတဲ့ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ အာဆီယံအဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေမှု၊ အာရှဒေသရော၊ အခြားသော သမာသမတ် ကမ္ဘာ့နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် မလိုမုန်းထား သွေးထိုး ဖြိုဖျက်လိုက်မှု ဖြစ်ပါတယ်။

လက်ရှိ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလဲ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များရဲ့ အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော် တိုက်ခိုက်တဲ့ လုပ်ရပ်ဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဖောက်ဖျက် ကျူးလွန်ရာ ရောက်တဲ့အတွက် တရားမဝင်ကြောင်း စက်တင်ဘာလ ၆ရက်နေ့က ဗြိတိန်နိုင်ငံမှ ဘီဘီစီရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း အစီအစဉ်တစ်ခုတွင် ပြောကြားသွားခဲ့ပါတယ်။ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်တဲ့ လုပ်ရပ်မျိုးဟာ မိမိတစ်ဦးတည်းဆန္ဒဖြင့် တစ်ဖက်သတ်လုပ်ဆောင်လို့မရကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ သဘောတူခွင့်ပြုချက်ရရှိမှသာလျှင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်ကတည်းက ခါးသီးနောင်ကြဉ်ဖွယ်ရာ သင်ခန်းစာများရရှိခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီကနေ့ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတို့ ကျူးကျော်သိမ်းပိုက်ထားတဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတို့ရဲ့ ပြည်တွင်းဆူပူမှုအန္တရာယ်တွေဟာ ဒေသတွင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်နေပါတယ်။ ဒါဟာ မျက်ဝါးထင်ထင်ပင် ဖြစ်ပါတယ်။ အခုလို မြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီတင်ဖို့ ကြိုးပမ်းနေတဲ့ အမေရိကန် လွှတ်တော်အမတ်များအနေနဲ့ အမှန်တကယ် လုပ်သင့်တာက ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကျူးလွန်တဲ့ အမေရိကန် အစိုးရကိုသာ လုံခြုံရေးကောင်စီတင်ဖို့ လိုပါတယ်။ တစ်ပါးနိုင်ငံအပေါ် တရားမဝင် စစ်အင်အားသုံး ကျူးကျော်သိမ်းပိုက်တဲ့ အမေရိကန်အစိုးရကိုသာ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒါကို လျစ်လျူရှုနေမယ်ဆိုရင် ဥပဒေလေးစားပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ အထင်သေးဖွယ်ရာ ဖြစ်နေပါလိမ့်မယ်။ ကမ္ဘာ့အသိုင်း အဝိုင်းက ဝိုင်းပယ်မှုနဲ့သာ ကြုံလာရမယ် ဖြစ်ပါတယ်။

မကြာသေးမီနှစ်များက အမေရိကန်ဟာ အရှေ့တောင်အာရှအတွင်း ခြေကုပ်နေရာသစ်ရရှိရေးအတွက် စတင်ခဲ့တယ်။ အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ခိုက်ရေး အကြောင်းပြချက်နဲ့ ဒေသအတွင်း တပ်များပိုမိုချထားနိုင်ရေးကိုလဲ ဆောင်ရွက်ခဲ့တယ်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီလအတွင်း ပင်တဂွန်အနေနဲ့ ကမ်းတက်တပ်နဲ့ အထူးတပ်မှ အင်အား ၆၀၀ ကို ဖိလစ်ပိုင်တောင်ပိုင်းက အကြမ်းဖက်အုပ်စုကို တိုက်ခိုက်ရာတွင် ကူညီဖို့အကြောင်းပြစေလွှတ်ခဲ့တယ်။ ဒီအချိန်ကစပြီး အမေရိကန်တပ်များ ဖိလစ်ပိုင်မှာ ဆက်လက်ရှိနေခဲ့တယ်။

ဒါ့အပြင် အမေရိကန်ဟာ တရုတ်ပြည်က အမေရိကန်သို့ ပစ်လွှတ်မယ့် ဒုံးပျံကို အနီးကပ် ကြိုတင်ဖျက်ဆီးဖြိုခွင်းဖို့ ဒုံးခွင်းဒုံးများကို ထိုင်ဝမ်မှာ ချထားဖို့နဲ့ ကမ္ဘာ့ဒေသများစွာတို့မှာ အမေရိကန်ဒုံးခွင်းဒုံးများ ချထားဖို့ ဆောင်ရွက်လာခဲ့ပါတယ်။ ဒုံးခွင်းဒုံး အမည်ခံထားပေမယ့် ဒီဒုံးလက်နက်နဲ့ အမေရိကန်က စတင်မတိုက်ခိုက်ဘူးလို့ ဘယ်လိုအာမခံချက်မှ မပေးနိုင်ပါ။ ဒါဟာလဲ အမေရိကန်တို့က အခြားဒေသများရဲ့လုံခြုံရေးကို ခြိမ်းခြောက်နေမှု ဖြစ်ပါတယ်။ အမေရိကန်ဟာ အာရှ-ပစိဖိတ်ဒေသ အထူးသဖြင့် ဂျပန်နိုင်ငံကို ကာကွယ်ဖို့ဆိုပြီး ဒုံးခွင်းဒုံးစနစ်ကို ဦးဆောင်စီစဉ်နေပါတယ်။

အိမ်နီးချင်းကွန်မြူနစ် နိုင်ငံများရဲ့ အန္တရာယ်ကို ကာကွယ်ပေးပါမယ်ဆိုတဲ့ အမေရိကန်စစ်စခန်းများကို ဂျပန်နဲ့တောင်ကိုရီးယားတို့ကလဲ အခုအချိန်အထိ နိုင်ငံအတွင်းမှာ လက်ခံထားဆဲဖြစ်ပါတယ်။ ဒီကနေ့လို ပြောင်းလဲလာပြီဖြစ်တဲ့ ဈေးကွက်စီးပွားရေးခေတ်ကြီးတွင် အမေရိကန်ရဲ့ လုပ်ရပ်တွေဟာ ဒေသဆိုင်ရာ ကိုသာမက နိုင်ငံတကာလုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်တစ်ရပ် ဖြစ်နေပါတယ်။ အမေရိကန်ရဲ့ လုပ်ရပ်များကြောင့် တရုတ်ပြည်က ပိုမိုသတိထားလာပြီး မိမိနိုင်ငံ ကာကွယ်ရေးအတွက် နျူကလီးယားနဲ့ ဒုံးလက်နက် ဒုံးခွင်းဒုံးများလုပ်လာစေဖို့ စေ့ဆော်ပေးသလို ဖြစ်နိုင်တယ်လို့ ဝေဖန်သူတို့က ထောက်ပြကြပါတယ်။

ဒါပေမယ့် တရုတ်ပြည်ရဲ့ တရားမျှတသော နိုင်ငံတကာဆက်ဆံရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ရပ်တည်ချက်များကို အခုလို တွေ့ရပါတယ်။

> **တရုတ်ပြည်သည် အပြန်အလှန် နားလည်ရေး၊ တူညီချက်များကိုရှာ၍ ခြားနားချက်များကို အသာထားရေး အခြေခံပေါ်တွင် လူ့အခွင့်အရေးနယ်ပယ် အတွင်းမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ဆောင်ရွက်ရန် တိုက်တွန်းသည်။ သို့ရာတွင် မည်သည့်နိုင်ငံမဆို လူ့အခွင့်အရေး ရပ်လုံးပေါ်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေး လမ်းကြောင်းတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုဆိုင်ရာ ပကတိနိုင်ငံတော်အခြေအနေတို့နှင့် ကင်းကွာ၍ မရနိုင်ပါချေ။ ထို့ပြင် အချုပ်အခြာအာဏာပိုင်နိုင်ငံက ပြည်တွင်း ဥပဒေပြုမှုဖြင့် လူ့အခွင့်အရေးစနစ်ကို တိကျစွာ အသိအမှတ်ပြုရန်နှင့် ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည်။ ကုလသမဂ္ဂ(၄၅)ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွင် ထောက်ပြထားသကဲ့သို့ပင် "နိုင်ငံတိုင်းတွင် မိမိနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊စီးပွားရေးနှင့် ယဉ်ကျေးမှုစနစ်တို့ကို မိမိဘာသာ ရွေးချယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အခွင့်အရေး ရှိကြသည်။" (၄၆)ကြိမ်မြောက် လူ့အခွင့်အရေးညီလာခံ ဆုံးဖြတ်ချက်တွင်လဲ ယဉ်ကျေးမှု အားလုံးနှင့် ပြည်သူအားလုံးအတွက် အသုံးတည့်သည့် တစ်မျိုးတည်းသော ဖွံ့ဖြိုးမှုပုံစံမျိုး မည်သို့မျှ မရှိနိုင်ဟု ထောက်ပြထားသည်။ မိမိ၏ပုံစံကို သတ်မှတ်စံအဖြစ်ထား၍ အခြားနိုင်ငံများအား ဝေဖန်အကဲဖြတ်ခြင်း၊ မိမိ၏ပုံစံကို တစ်ပါးသူအပေါ် အတင်းအဓမ္မ ပုံသွင်းခြင်းတို့သည် မသင့်လျော်ရုံသာမက လုံးဝလည်း ကျင့်သုံးရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် လူ့အခွင့်အရေး နိုင်ငံတကာ ကာကွယ်စောင့်ရှောက်မှု၏ အဓိကရည်ရွယ်ချက်များနှင့် လှုပ်ရှားမှုများသည် နိုင်ငံတကာ လူ့အခွင့်အရေးနယ်ပယ်၏ ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း၊ နိုင်ငံများအကြား သင့်မြတ်ရေး၊ အပြန်အလှန် နားလည်ရေး၊ အပြန်အလှန် လေးစားရေးကိုလည်းကောင်း တိုးတက်ဖြစ်ထွန်း စေရမည် ဖြစ်သည်။ အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် မတူခြားနားသော သမိုင်းကြောင်း၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု နောက်ခံရှိကြသည့် နိုင်ငံများ၏ လူ့အခွင့်အရေးအပေါ် အမြင်များကို ထည့်သွင်းစဉ်းစားသင့်ကြသည်။ တူညီချက်များကို ရှာ၍ ခြားနားချက်များကို အသာထားရေး၊ အပြန်အလှန်လေးစားရေး၊ နားလည်မှု တိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှု အားဖြည့်ရေး စိတ်ဓာတ်တို့ကို အရင်းခံ၍ ဆောင်ရွက်သင့်ကြသည်။**

ဒီကနေ့ ဒေသဆိုင်ရာ လုံခြုံရေးနဲ့ နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်နေတာ အမေရိကန်သာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တည်ငြိမ်အေးချမ်းစွာ ဒီမိုကရေစီနိုင်ငံ ထူထောင်နေရုံမက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနဲ့ပါ ရင်းနှီးချစ်ကြည်စွာ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံသာဖြစ်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ထင်သလို ဖောက်ဖျက်ကျူးလွန်နေတဲ့ အမေရိကန်အစိုးရကို လုံခြုံရေးကောင်စီသို့ တင်ပြအရေးယူဖို့ မကြိုးပမ်းဘဲ မြန်မာအရေးကို ပြဿနာမရှိ ပြဿနာရှာပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်နိုင်ရန် တိုက်တွန်းတဲ့ အမေရိကန် ဆီးနိတ်ရဲ့ ဆုံးဖြတ်ချက်ဟာ သံကိုကြွက်စား သားကိုစွန်ချီ ဆိုတဲ့ ဆုံးဖြတ်ချက်သာ ဖြစ်ကြောင်း အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

6-10 (03).p65 1 25.03.1905, 11:55 PM

# အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်သည့်ကိစ္စ တရားမျှတလေဟန်ကြိုးပမ်း အမှန်တကယ်ဖြစ်ရပ်နှင့် အမှန်တရားကို ဘုရှ်ရှောင်လွှဲခဲ့ဟု ကယ်ရီဝေဖန်

အော်စတင်တောင်း(အိုဟိုင်းယိုး) အောက်တိုဘာ ၄

**အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုကို တရားမျှတလေဟန် သံသယဖြစ်ဖွယ် ထောက်လှမ်းရေးသတင်းများ အိမ်ဖြူက အသုံးပြုခဲ့ခြင်းနှင့်စပ်လျဉ်း၍ အမှန်တကယ်ဖြစ်ရပ်နှင့် အမှန်တရားကို သမ္မတဂျော့ဒဗလျူဘုရှ် ရှောင်လွှဲခဲ့ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက တနင်္ဂနွေနေ့၌ ဝေဖန်ပြောဆိုခဲ့သည်။**

ဆက်ဒမ်ဟူစိန်၏ နျူကလီးယားလက်နက်အစီအစဉ်ဆိုင်ရာ အဓိက ထောက်လှမ်းရေးသတင်းသည် သံသယဖြစ်ဖွယ်ရှိသည်ဆိုခြင်းကို အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် အမိန့်မပေးမီကပင် အိမ်ဖြူက သိထားခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့၌ ဖော်ပြခဲ့သည့်သတင်းကို ကယ်ရီက ရည်ညွှန်းခဲ့သည်။

### ပြောကြား

အဆိုပါသတင်းအစီရင်ခံချက်သည် အီရတ်နှင့်ပတ်သက်၍ ဘုရှ်၏အစိုးရသည် ပွင့်လင်းရိုးသားမှုရှိမရှိဆိုသော မေးခွန်းများပေါ်လာရုံသာမက အမေရိကန် စီးပွားရေးအပေါ် အကောင်းမြင်သည့် အကဲဖြတ်ချက်အား ရှင်းရဖွယ်ရှိသည်ဟု ကယ်ရီက ပြောကြားသည်။

### ဆုံးရှုံး

အိုဟိုင်းယိုးပြည်နယ်တွင် ဘုရှ်သမ္မတအဖြစ် စတင်တာဝန်ယူခဲ့ချိန်မှစပြီး အလုပ်အကိုင် ၂၃၀၀၀၀ ကျော်ဆုံးရှုံးခဲ့ရကြောင်း၊ သို့ရာတွင် သမ္မတက ၎င်းမဲဆွယ်စည်းရုံးရာ၌ ယခုအထိတိုင် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးခိုင်မာတောင့်တင်းသည်ဟု ပြောကြားနေကြောင်း ကယ်ရီက ပြောကြားသည်။

အိုဟိုင်းယိုးပြည်နယ်သည် အမေရိကန်သမ္မတရွေးပွဲတွင် အခရာကျသော ပြည်နယ်တစ်ခုဖြစ်ပြီး အိုဟိုင်းယိုးပြည်နယ်၏မဲများကိုမယူဘဲ အိမ်ဖြူကိုရရှိသည့် ရီပတ်ဘလစ်ကင်ဟူ၍ တစ်ယောက်မျှမရှိကြောင်း ကယ်ရီက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**




**ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ဆက်လက်ကျူးကျော်ထားမှုအား ဆန့်ကျင် ဆန္ဒပြနေသည်ကို အောက်တိုဘာ ၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အစိမ်းရောင်နယ်မြေအပါအဝင် အီရတ်နိုင်ငံတစ်ဝန်း ကားဗုံးများပေါက်ကွဲ လူ ၂၆ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရ

**ဘဂ္ဂဒက် အောက်တိုဘာ ၅**

အီရတ်နိုင်ငံတစ်ဝန်းတွင် ယမန်နေ့က ကားဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာတွင် ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်ဒေသတွင် ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ အီရတ်နိုင်ငံအနှံ့၌ ယမန်နေ့က ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၆ ဦးသေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရခဲ့သည်။

ယမန်နေ့က ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုများအနက် ပထမပေါက်ကွဲမှုသည် အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးများ၊ အီရတ်ကြားဖြတ် အစိုးရရုံးများတည်ရှိရာ ဘဂ္ဂဒက်မြို့လယ်ကောင်နှင့် မဝေးသော အစိမ်းရောင်နယ်မြေ၏ တောင်ဘက်ဂိတ်အပြင်ဘက်၌ဖြစ်သည်။ ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသောကားတစ်စီးသည် အခိုင်အမာ တည်ဆောက်ထားသည့် အစိမ်းရောင်နယ်မြေ၏ နံရံကိုဝင်တိုက်ပြီး ဗုံးကိုဖောက်ခွဲခဲ့ရာ လူ၁၅ဦးထက်မနည်းသေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရခဲ့ကြသည်။

ထိုပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တစ်နာရီအတွင်း၌ တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်းတွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုအား ထရပ်ကားတစ်စီးက အရှိန်ဖြင့်ဝင်တိုက်ပြီးဗုံးကိုဖောက်ခွဲခဲ့သဖြင့်လူခြောက်ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

## အောက်တိုဘာ၄ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၅၈ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၅

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၄ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၅၈ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၀၃ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၅ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုး နီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၂၀ဖြစ်ပြီး ယင်းအနက် ၆၉၄ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၆ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ဗြိတိန်နိုင်ငံ၏ရေနံဈေးနှုန်းကြီးမြင့်မှု စက်မှုကဏ္ဍကုန်ထုတ်လုပ်ရေးတိုးတက်မှုနှေးကွေး

**လန်ဒန် အောက်တိုဘာ ၃**

ဗြိတိန်နိုင်ငံတွင် ရေနံဈေးနှုန်းကြီးမြင့်မှု ပြည်တွင်းဝယ်လိုအား လျော့ကျမှုနှင့် အတိုးနှုန်းမြင့်မားမှု၏ရလဒ်အဖြစ် ဒုတိယလဆက်ပြီး စက်မှုကုန်ထုတ်လုပ်ရေးကဏ္ဍတိုးတက်မှုသည် စံချိန်တင်နှေးကွေးခဲ့ကြောင်း သောကြာနေ့က ထုတ်ပြန်လိုက်သည့် စူးစမ်းလေ့လာချက်တစ်ရပ်၌ ဖော်ပြထားသည်။

### ဖော်ပြ

ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ကုန်ပစ္စည်း အသစ်မှာယူမှုတွင် တိုးတက်မှုသည် လွန်ခဲ့သည့်ဇွန်လကစပြီး အနိမ့်ဆုံးအဆင့်သို့ ထိုးကျသွားခဲ့ပြီး အလုပ်အကိုင် ပေါ်ပေါက်မှုသည်လည်း အနိုင်နိုင်တိုးလာခဲ့သည်ဟု ဝယ်ယူဖြန့်ဖြူးရေးဌာန ရိုက်တာစူးစမ်းလေ့လာချက်တွင် ဖော်ပြထားသည်။

### ကျဆင်း

ဝယ်ယူဖြန့်ဖြူးရေးဌာန၏ အညွှန်းကိန်းတွင် ဩဂုတ်လ၌ ၅၃ ဒသမ ၁ ရှိခဲ့ရာမှ စက်တင်ဘာလတွင် ၅၂ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အာကာသသွားခရီးသည်ဝန်ဆောင်မှု ၂၀၀၈ ခုနှစ် မတိုင်မီစတင်မည်

နယူးယောက် အောက်တိုဘာ ၃

**ကမ္ဘာ့ပထမဆုံး အာကာသသွား ခရီးသည်တင်ဝန်ဆောင်မှုလုပ်ငန်းကို ဗာဂျင်းအုပ်စုသည်၂၀၀၈ခုနှစ် မတိုင်မီစတင်ရန် ကြိုးစားလျက်ရှိသည်။**

**ခရီးသည်တစ်ဦးလျှင် ဒေါ်လာ၂သိန်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။ ဗာဂျင်းသည် ခရီးသည် ငါးဦးသယ်ဆောင်ပျံသန်းနိုင်သော အာကာသယာဉ် ငါးစင်းကို တည်ဆောက်ရန် စီစဉ်ထားသည်။ ခရီးသည်များသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၁၃၀ မှ ကမ္ဘာကြီးကို ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ဗာဂျင်းအုပ်စုသည် အာကာသယာဉ်တည်ဆောက်ရေးတွင် ထောက်ပံ့ကူညီခဲ့သော ပေါလ်အယ်လင်းထံမှ နည်းပညာဆိုင်ရာ လိုင်စင်ရယူထားသည့်အပြင် အာကာသအတွင်း ဗာဂျင်းဟိုတယ်ကိုလည်း တည်ဆောက်မည်ဖြစ်သည်။ ထို့ပြင် လကမ္ဘာသို့ ခရီးသည်များသွားရောက်နိုင်ရန်လည်း ကြိုးစားလျက်ရှိသည်။** (စီအင်န်အင်န်)

## ဖော်လူဂျာမြို့အား ကန်တို့လေကြောင်းမှထပ်မံတိုက်ခိုက် အီရတ်ပြည်သူ နှစ်ဦးသေဆုံး၊ ၁၀ဦးဒဏ်ရာရ

ဖော်လူဂျာ အောက်တိုဘာ ၄

**အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများထိန်းချုပ်ထားသော ဖော်လူဂျာမြို့အား အမေရိကန် စစ်လေယာဉ်များက တနင်္ဂနွေနေ့နံနက်အစောပိုင်းတွင် ဒုတိယအကြိမ်တိုက်ခိုက်ခဲ့ရာ၌ လူနှစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံအရာရှိတစ်ဦးက တနင်္ဂနွေနေ့၌ ပြောကြားသည်။**

ဖော်လူဂျာမြို့တွင်း၌ ခုခံတိုက်ခိုက်ရေးသမားများ ပုန်းအောင်းနေသည်ဟု မသင်္ကာသောနေရာများကို အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်မှာ တစ်ပတ်မျှရှိပြီး ယခုနောက်ဆုံးတိုက်ခိုက်မှုတွင် သေဆုံးသူများမှာ အရပ်သားများဖြစ်ကြောင်း အဆိုပါဆေးရုံအရာရှိက ပြောကြားသည်။

ဖော်လူဂျာမြို့တွင်း၌ နိုင်ငံခြားသား တိုက်ခိုက်ရေးသမား အများအပြားရှိသည်ဟု အမေရိကန်စစ်ဘက်က ချဲ့ကားပြောဆိုနေကြောင်း၊ ယခုသေဆုံးသူများမှာ အရပ်သားများသာဖြစ်ကြောင်း၊ ဖော်လူဂျာမြို့နေလူထုက မကျေမနပ်ပြောဆိုခဲ့ကြသည်။ အမေရိကန်တို့က လေကြောင်းမှနေ၍ ယခုနောက်ဆုံးတိုက်ခိုက်ရာ၌ သေဆုံးခဲ့ရသော အရပ်သားများတွင် အမျိုးသမီးများနှင့်ကလေးငယ်များပါဝင်ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားကြပြီး ဖော်လူဂျာဒေသခံများကလည်း အကြမ်းဖက်သမားများမဟုတ်ကြသော အရပ်သားများ အမေရိကန်တို့ကြဲသည့်ဗုံးကြောင့် ထိမှန်သေဆုံးရမှုများကို ဝန်ကြီးချုပ် အာလာဝီအား ဖော်လူဂျာမြို့သို့ လာရောက်ကြည့်ရှုရန် စိန်ခေါ်ခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**



**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောအိမ်တစ်လုံးကို အောက်တိုဘာ ၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

■ **ကျောဖုံးမှ**

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် UNESCO အဖွဲ့ကြီး၏ (၄၄)ကြိမ်မြောက် နိုင်ငံတကာပညာရေးညီလာခံကြီးကနေပြီး ဆရာများအနေနှင့် လူ့ဘောင်အဖွဲ့အစည်း၏တိုးတက်ကြီးပွားရေးတွင် အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်ကြိုးပမ်းစွမ်းဆောင်နေမှုကို အသိအမှတ်ပြုသည့်အနေဖြင့် အောက်တိုဘာလ ၅ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည့်နှင့်အညီ ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း အနှစ်သာရရှိရှိ တက်တက်ကြွကြွ၊ ထည်ထည်ဝါဝါ ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် တတိယအကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့် ယခုကဲ့သို့ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို အလေးအနက်ထားပြီး နှစ်စဉ်ဂုဏ်ပြုကျင်းပနေခြင်းသည် ကောင်းမြတ်သော နိုင်ငံတကာလုပ်ရှားဆောင်ရွက်မှုတစ်ရပ်တွင် ကမ္ဘာ့ မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေနှင့် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သလို "ဆရာ"ဆိုသည့် လေးစားမြတ်နိုးဖွယ် ဂုဏ်ဒြပ်ကို ကြည်ညိုပူဇော်လေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်း တစ်ရပ်ကိုပါ ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

**အလေးထားမြှင့်တင်ဆောင်ရွက်**

ထို့အပြင် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက် တစ်ရပ်အဖြစ်ထားရှိပြီး ပညာရေးမြှင့်တင်မှုအစီအစဉ်များကို ရည်မှန်းချက်ကြီးမားစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ ဆရာများ၏အရေးပါသည့် အခန်းကဏ္ဍကို နိုင်ငံတော်အစိုးရက အလေးထားမြှင့်တင်ဆောင်ရွက်နေမှုကိုလည်း ထင်ဟပ်ဖော်ညွှန်းပြသနေခြင်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို ပညာရေးကလွှမ်းမိုးကြီးစိုးပိုင်းဖြတ်ပေးနေသည့် "ပညာခေတ်"အချိန်အခါသမယတွင် အရည်အသွေးမြင့်မားသော ပညာတတ်များနှင့် ထူးချွန်ထက်မြက်သော အသိပညာ ရှင် အတတ်ပညာရှင်များလုံလောက်ပြည့်စုံစွာ ပေါ်ထွန်းလာမှသာ



**မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားတွင် အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရရှိသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၄၈)အခြေခံပညာ မူလတန်းလွန်ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်တင်မိုးမိုးခိုင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ တစ်ကျောင်း၊ ဆရာအတတ်သင်သိပ္ပံလေးကျောင်း၊ ဆရာအတတ်သင်ကျောင်း ၁၃ ကျောင်း စုစုပေါင်း တက္ကသိုလ်၊ သိပ္ပံနှင့် ကျောင်း ၁၉ ကျောင်းသာရှိခဲ့ရာမှ ယခုအခါတွင် ပညာရေးတက္ကသိုလ်နှစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ပညာရေးကောလိပ် ၂၀ စုစုပေါင်းဆရာအတတ်ပညာနှင့် ပတ်သက်ပြီး တက္ကသိုလ်နှင့်ကောလိပ် ၂၃ ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**တိုးချဲ့ဖွင့်လှစ်**

အခြေခံပညာကဏ္ဍ၌ ဆရာအတတ်ပညာသင်တန်းများတိုးချဲ့ ဖွင့်လှစ်ပြီး ဆရာ ဆရာမများ၏ ဆရာအတတ်ပညာအရည်အသွေးမြင့်မား စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း၊ ယခု ဆိုလျှင် ပညာရေးကောလိပ်များတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ အတွက် လုပ်ငန်းခွင်အကြို ဒီပလိုမာသင်တန်းများ၊ ပညာရေးတက္ကသိုလ်များမှ B.Ed သင်တန်းများ၊ ဘွဲ့ရပြီးသူများတက်ရောက်နိုင်သည့် ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ PGDTသင်တန်းများ၊ မီဒီယာအတတ်ပညာ ဘွဲ့လွန်(ပညာရေး)ဒီပလိုမာ PGDMA သင်တန်းများ၊ အခြားတက္ကသိုလ်များမှ မဟာဘွဲ့ရရှိပြီးသူများအတွက် လုပ်ငန်းခွင်အကြို ပညာရေးအတတ်ပညာလက်မှတ်ရ Certificate in Educational Technology - CETသင်တန်းများ စသည့် ဆရာအတတ်ပညာသင်တန်းအမျိုးမျိုးကို ဖန်တီးဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် လုပ်ငန်းခွင် ဆရာအတတ်သင် သင်တန်းများဖြစ်သည့် စာပေးစာယူသင်တန်း၊ ပညာရေးကောလိပ်အခြေပြု ဆရာအတတ်သင်တန်း၊ မြို့နယ်အခြေပြု ဆရာအတတ်သင်တန်း၊ ပညာရေးတက္ကသိုလ်များ၏ ပညာရေးဘွဲ့ စာပေးစာယူသင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

**ထိရောက်အောင်မြင်လျက်ရှိသည့် သင်တန်းများဖြစ်**

ယင်းသင်တန်းများသည် ဆရာအတတ်ပညာအရည်အသွေးတိုးတက်မြင့်မားရေးအတွက်သာမက ပညာရေးလောကသို့ နည်းလမ်းအသွယ်သွယ်မှ ဝင်ရောက်လာနိုင်သည့်အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရေးအတွက်ပါ

# အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံးလက်တွဲဆောင်ရွက်

မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းပကားနှင့် စွမ်းဆောင်နိုင်မှာဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

**အမျိုးသားပညာရေးစနစ်**

ယင်းယုံကြည်ခံယူချက်နှင့်အညီ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသည့် ယနေ့ကမ္ဘာကြီးတွင် စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသည့် အမျိုးသားပညာရေးစနစ် တစ်ရပ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

အခြေအနေအချိန်အခါအရပ်ရပ်တွင် အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်ပေးနိုင်ရေးကို ရေရှည်အာမခံနိုင်မည့် အမျိုးသားပညာရေးစနစ် တစ်ရပ် ဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့် အညီ အမျိုးသားပညာရေးစီမံကိန်းများ ရေးဆွဲချမှတ်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နှစ်စဉ်ပြန်လည်သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်မှုဖြစ်စဉ် အဆင့်ဆင့်တို့တွင် ဆရာများကိုယ်တိုင် တက်ကြွစွာပါဝင်ဆွေးနွေး ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများ၊ အစီအမံများကိုလည်း နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားပညာရေး မြှင့်တင်မှုဖြစ်စဉ်အဆင့်ဆင့်မှာ ဆရာများကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်နိုင်စေရန်နှင့် ဆရာများကိုယ်တိုင်၏ ဆရာအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားစေရန်အတွက်လည်း စနစ်တကျ စီမံဖန်တီးပေးထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးအဆင့်အတန်းကို အရှေ့တောင်အာရှရှိ ပညာရေးကဏ္ဍမှာ ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်ဆောင်ရွက်ခဲ့သော အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းတို့တွင် ဆရာများကိုယ်တိုင် ဦးဆောင် ပါဝင်နိုင်စေရန် ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေး အစီအမံများကို အလေးထားထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**အကျိုးရလဒ်ကောင်းများ**

ထိုကဲ့သို့ ရည်မှန်းချက်မြင့်မားစွာဖြင့် စနစ်တကျစီမံဆောင်ရွက်ခဲ့သည့်အတွက် ဆရာများအပါအဝင် မြန်မာ့ပညာရေးကဏ္ဍတစ်ရပ်လုံး၏ အရည်အသွေး တိုးတက်မြင့်မားလာမှုနှင့် ဆရာများ၏အခန်းကဏ္ဍ တိုးတက်ဖြစ်ထွန်းလာမှု အကျိုးရလဒ်ကောင်းများကို ယခုအခါမှာ စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်က တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၃၃၀၀၀ ကျော်သာရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ကျောင်းသူကျောင်းသားများအနေနှင့် ၁၉၈၈ ခုနှစ်က တက္ကသိုလ်သင်တန်းသား ၁ဒသမ၃၈သိန်းကျော်နှင့် အခြေခံပညာကျောင်းသူ ကျောင်းသား ၅ဒသမ၂၄သန်းသာရှိခဲ့ရာမှ ယခုအချိန်အခါတွင် တက္ကသိုလ်သင်တန်းသား ၇ဒသမ၄၉သိန်းခန့်နှင့် အခြေခံပညာကျောင်းသူကျောင်းသား ၇ဒသမ၆၄သန်းကျော်အထိ ပညာသင်ကြားနေနိုင်လာပြီဖြစ်ကြောင်း။

**တိုးတက်လာ**

ဆရာ ဆရာမအင်အားကို ကြည့်မည်ဆိုပါက ၁၉၈၈ခုနှစ်က တက္ကသိုလ်ဆရာ ဆရာမ ၆၅၀၀ ကျော်နှင့် အခြေခံပညာဆရာ ဆရာမ ၁ဒသမ၇၄သိန်းခန့် စုစုပေါင်း ၁ဒသမ၈သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ် ဆရာ ဆရာမ ၁၈၀၀၀ကျော်နှင့် အခြေခံပညာ ဆရာ ဆရာမ ၂ဒသမ၃၇သိန်းကျော် စုစုပေါင်း ၂ဒသမ၅၅သိန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးကဏ္ဍတစ်ခုလုံးတွင် ဆရာ ဆရာမအင်အား ၂ဒသမ၅၅သိန်းကျော်က ကျောင်းသူကျောင်းသား အင်အား ၈ဒသမ၃၈သန်းကျော်ကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် တက္ကသိုလ်၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက် ဖွင့်လှစ်ပေးထားသလို အခြေခံပညာကျောင်းများကို ပျမ်းမျှအားဖြင့် တစ်မိုင်ခွဲပတ်လည်မှာ အခြေခံပညာကျောင်းတစ်ကျောင်းနှုန်း ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် ကျောင်းများ၏ ၈၉ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသမှာ တည်ရှိနေကြောင်း၊ ထို့အပြင် နယ်စပ်ဒေသ၁၉ခုတွင် အခြေခံပညာကျောင်းပေါင်း ၇၉၀အထိ တိုးချဲ့ဖွင့်လှစ်ထားပြီး အခြေခံပညာ ဆရာ ဆရာမ ၃၀၀၀ကျော်က အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူကျောင်းသား တစ်သိန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

**ဂုဏ်ပြုချီးကျူး**

ထို့ကြောင့် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရင်း ကျောင်းသူ ကျောင်းသားများအပေါ် သားသမီးများသဖွယ် မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် ဖွဲ့လုံ့လအပေါ် အခြေခံပြီး နိုင်ငံသားကောင်းသမီးမွန်များ လူရည်ချွန်ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် ဆရာဆရာမများကို ဂုဏ်ပြုချီးကျူးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေနှင့် အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်းနှင့် အနှစ်၃၀နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များအရ ပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် သင်ရိုး မာတိကာနှင့် ကျောင်းသင်ခန်းစာများ ပြုပြင်မွမ်းမံပြီး သင်ကြားသင်ယူမှု ပုံစံနှင့် ပညာရည်စစ်ဆေးတိုင်းတာမှု စနစ်များ ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်နေသလို လုပ်ငန်းများ ထိရောက် အောင်မြင်ရေးအတွက် ဆရာ ဆရာမများကိုပါ ဘာသာရပ်အလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဆရာအတတ်ပညာ တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ၁၉၈၈ခုနှစ်က ပညာရေးတက္ကသိုလ်တစ်ခု၊ ပြည်ထောင်စု

များစွာ ထိရောက်အောင်မြင်လျက်ရှိသည့် သင်တန်းများဖြစ်သည်ဟု ပြောကြားလိုကြောင်း။

**တိုးမြှင့်ဖွင့်လှစ်ပေး**

ပညာရေးကဏ္ဍတွင် ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အဆင့်မြင့်ပညာရေးဘွဲ့များဖြစ်သည့် မဟာဒဿနပညာရေးဘွဲ့၊ မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့သင်တန်းများလည်း တိုးမြှင့်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထိုကဲ့သို့ ဆရာအတတ်ပညာသင်တန်းများ တိုးချဲ့အရှိန်မြှင့်တင်ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်စတင်သည့် ၁၉၉၈–၉၉ပညာသင်နှစ်တွင် ဆရာအတတ်ပညာသင်တန်းသား၆၃၀၀ကျော်သာ လေ့ကျင့်ပေးနိုင်ခဲ့ရာမှ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် ဆရာအတတ်ပညာသင်တန်းသား ၅၀၀၀၀ကျော်အထိ လေ့ကျင့်ပေးနိုင်ခဲ့ပြီး ဆရာအတတ်ပညာလေ့ကျင့်မှုအပိုင်းမှာ ခြောက်နှစ်ခန့်ကာလအတွင်း ရှစ်ဆကျော် တိုးတက်လေ့ကျင့်ပေးနိုင်လာခဲ့သည်ကို တွေ့ရကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၌ ဆိုရင်လည်း တက္ကသိုလ်များ တိုးပွားလာတာနှင့်အမျှ သင်တန်းသားအင်အားတိုးတက်များပြားလာသည့်အတွက် ဆရာ ဆရာမများအနေနှင့် သင်ကြားရေးတာဝန်များကို အချိန်ပြည့်ကြိုးပမ်းထမ်းဆောင်နေကြရသည်ကို တွေ့ရကြောင်း၊ တက္ကသိုလ်သင်တန်းများအနေနှင့် ယခုအခါတွင် မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကိုပါ တိုးမြှင့်လေ့ကျင့်သင်ကြားပေးနိုင်ပြီဖြစ်သည့်အတွက် ဘွဲ့နှင့်သက်ဆိုင်သည့် နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် One Campus Multi System ဖြင့် တက္ကသိုလ်တည်ရှိရာ ဒေသများမှာ လိုအပ်လျက်ရှိသည့် ပညာရပ်ဆိုင်ရာသင်တန်းများကို တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိသည့်အတွက် ဆရာ ဆရာမများ၏ လုပ်ငန်းတာဝန်များ ပိုမိုကြီးလေးများပြားလာသလို အရည်အသွေးပိုမိုပြည့်ဝ မြင့်မားစေရန်အတွက် မိမိတို့ကိုယ် မိမိတို့ ပျိုးထောင်လေ့ကျင့်မှုပြုလုပ်နိုင်မည့် အခြေခံများကို နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေနှင့် အမျိုးသားပညာရည်မြင့်မားရေးဦးတည်ပြီး အမျိုးသားပညာရေးစီမံကိန်းများ ချမှတ်လျက် စနစ်တကျကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးမြှင့်တင်မှု အစီအစဉ်များ စတင်ခဲ့သည့် ၁၉၉၈ ခုနှစ်ခန့်ကစတင်ပြီး ဆရာများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက်ကိုပါ စီမံချက်များချမှတ်ပြီး အထူးအာရုံ စူးစိုက်မြှင့်တင်ဆောင်ရွက် လာခဲ့သည့်အတွက်ယခုဆိုလျှင် မြန်မာ့ပညာရေးလောက အဆင့်အတန်း တိုးတက်မြင့်မားလာမှုနှင့်အတူ ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများလည်း စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



အောက်တိုဘာ ၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး **Colonel Kasem Nakpun** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမတွင် နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



အောက်တိုဘာ ၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel Prissapa Suvanatat** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမတွင် နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးချုပ်ငွေသိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မိမိနိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအားစစ်မှုထမ်းများအဖြစ်စုဆောင်းခြင်း မဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရေးတို့အတွက် ရှေ့လက်တွေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းနိုင်ရန်ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း။

**ညွှန်ကြားချက်များ**

မိမိတို့နိုင်ငံ၌ ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များရှိပြီးဖြစ်သည့်အပြင် မိမိတို့လူမျိုး၏ စေတနာ၊ စိတ်နေစိတ်ထားအရလည်း အဓမ္မစေခိုင်းမှုများကို ရှောင်ကြဉ်ကြပါကြောင်း။

သို့ရာတွင် မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်သော အင်အားစုများက ကလေးသူငယ်များကို အဓမ္မစစ်မှုထမ်းခိုင်းနေသည့် စွပ်စွဲချက်အပြင် မုဒိမ်းကျင့်မှု…

…မူးယစ်ဆေးဝါးကိစ္စ၊ လူကုန်ကူးသည့်ကိစ္စ၊ အဓမ္မစေခိုင်းသည့်ကိစ္စ စသည့်ကိစ္စအမျိုးမျိုးအပေါ် မမှန်မကန် စွပ်စွဲမှုများကို ပြုလုပ်လျက်ရှိကြကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရကို နိုင်ငံတကာနယ်ပယ်၌ သိက္ခာကျစေရန်၊ အကျပ်အတည်းကြုံတွေ့စေရန်အတွက် ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်နေ**

မိမိတို့ကော်မတီအနေဖြင့် ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ်စုဆောင်းခြင်းများမဖြစ်ပေါ်ရအောင်၊ အကြောင်းအမျိုးမျိုးကြောင့် စစ်မှုထမ်းရန်ရောက်ရှိနေသည့် ကလေးသူငယ်များကိုလည်း စနစ်တကျ နေရာချထားမှုပြုလုပ်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင်ရွက်နေသည်များလည်းရှိကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

**ဖြည့်စွက်ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တို့က အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းကို ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေနှင့်အမိန့်များနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေရုံသာမက ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆက်စပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ကလေးသူငယ် ဥပဒေ၊ ၂၀၀၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ် နည်းဥပဒေများလည်းရှိရာ ယင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေးကို အကာအကွယ်ပေးလျက်ရှိသည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနစစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးချုပ်ငွေသိန်းက ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် အစည်းအဝေးတက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

**ရှင်းလင်းချေပ**

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိတို့နိုင်ငံ၌ ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများရှိသကဲ့သို့ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များရှိပြီး ဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ လက်တွေ့ဘဝ၌လည်း ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာစေရန် ကြပ်မတ်ကွပ်ကဲမှုများ ရှိသကဲ့သို့ ဖောက်ဖျက်မှုများရှိလာပါကလည်း အရေးယူ အပြစ်ပေးမှုများလည်းရှိကြောင်း၊ သို့ဖြစ်၍ မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေမှုများအပေါ် လက်တွေ့ကျကျ ရှင်းလင်းချေပမှုများပြုလုပ်သွားကြရမှာဖြစ်ကြောင်းဖြင့်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်း၌ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင်(ခခ)အုပ်စုမှ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက သုံးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက ရှစ်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များအား ဗဟိုဒိုင်အဖွဲ့ဝင်များက သင်ကြားပို့ချ

**ရန်ကုန် အောက်တိုဘာ ၅**

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြမည့် ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များအား ဂီတ သုခုမ အနုပညာရပ်များ သင်ကြားပို့ချရေး အစီအစဉ်အရ ဗဟိုဒိုင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ကလေးတင့်အောင် ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ထားဝယ်မြို့သို့ သွားရောက်၍ ထားဝယ်မီးရထားရိပ်သာ၌ သင်ကြားပို့ချခဲ့ကြသည်။

ထိုသို့ သင်ကြားပို့ချရာတွင် အဆိုဘာသာရပ်ကို ဦးတင်ဦးလေး၊ ဒေါ်မူမူခင်နှင့်ဒေါ်စိန်ငွေးတို့က လည်းကောင်း၊ အက ဘာသာရပ်ကို ယဉ်ကျေးမှုဌာနမှ အက ဆရာမများဖြစ်ကြသော ဒေါ်တင်တင်ဦးနှင့် ဒေါ်မြသန်းတင်တို့ကလည်းကောင်း၊ အရေးဘာသာရပ်ကို တေးရေးပညာရှင် ဦးလေးညွှန့်ကလည်းကောင်း၊ အတီးဘာသာရပ်ကို ယဉ်ကျေးမှုဌာနမှ ပတ္တလားဆရာ ဦးသန်းလှိုင်ကလည်းကောင်း သင်ကြားပြသပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ကန်တော်ကြီးဥယျာဉ်ကြီးမှာ ရန်ကုန်မြို့တော်ကျက်သရေဆောင်ဥယျာဉ်ကြီးတစ်ခုဖြစ် သဘာဝအခြေခံများမပျက်မယွင်းစေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် အောက်တိုဘာ ၅

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။**

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်ဝန်ကြီးချုပ် စက်တင်ဘာ ၂၆ရက်တွင် လာရောက် ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက Education Zone အတွင်း စိုက်ပျိုးရေးပညာပေးပြကွက်များနှင့် ကန်တော်ကြီးရေပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zone တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဟိုတယ်နှင့်စားသောက်ဆိုင်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် ဖွင့်လှစ်ပြီးခဲ့သော စားသောက်ဆိုင်များ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေက ကန်တော်ကြီးဥယျာဉ် Recreation Zone အတွင်း အဆင့်မြှင့်ဆောင်ရွက်မှု လုပ်ငန်းများကို လည်းကောင်း၊ ဒီဇိုင်းပညာရှင် Mr. John Inada က ကန်တော်ကြီးဥယျာဉ် သာယာလှပရေးအတွက် ဒီဇိုင်းများ ရေးဆွဲမှုနှင့် Conference Hallပုံစံများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က Central Symbol Zone အတွင်း သစ်တောစိုက်ပျိုးမှုများနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည့်စုံဝင်းနိုင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးဝင်းနိုင်က Mono Rail တည်ဆောက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ထိန်းသိမ်းစောင့်ရှောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်တင်သည့်လုပ်ငန်းများကို သက်ဆိုင်ရာအလိုက် ဇုန်များခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ မကြာမီ ပြီးစီးတော့မှာဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ်ကြီးမှာ ရန်ကုန်မြို့တော်ကြီး၏ အလှအပနှင့် ခံ့ညားမှုကိုအထောက်အကူပြုနေသည့် မြို့တော်၏ကျက်သရေဆောင် ဥယျာဉ်ကြီးတစ်ခုဖြစ်ကြောင်း၊ အရှေ့တောင်အာရှနှင့် အခြားသောကမ္ဘာ့နိုင်ငံများ၏ မြို့တော်ကြီးများတွင် ရှိနိုင်ခဲ့သည့် ရှားပါးသော သဘာဝဥယျာဉ်ကြီးတစ်ခုဖြစ်သည်နှင့်အညီ အဆိုပါ သဘာဝဥယျာဉ်ကြီး၏ သဘာဝအခြေခံများ မပျက်ယွင်းစေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရေးမှာကြားသည်။

အစည်းအဝေးအပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသထားသော စိုက်ပျိုးရေးထွက်ကုန်များနှင့် လုပ်ငန်းသုံးပြကွင်းပြကွက်များကို လည်းကောင်း၊ မြန်မာနိုင်ငံရှိ ဆည်မြောင်းတာတမံပြကွင်း၊ ပြကွက်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ၂၀၀၄ (International Year of ˚Rice 2004) အထိမ်းအမှတ် ခင်းကျင်းပြသရန် စီစဉ်ထားရှိသော ပြခန်းများကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Education Zone၊ Central Symbol Zone၊ Relaxation Zone၊ Recreation Zone များအတွင်း ဝန်ကြီးဌာနများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Recreation Zone ရှိ View Deckနှင့်ရေတံခွန်တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ညပိုင်းတွင် ကန်တော်ကြီးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

**အောက်တိုဘာ ၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီးတို့ (၅၉)နှစ်မြောက် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားတပ်မတော်နေ့ ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး** H.E. Mr. Wyoso Prodjowarsito **နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**



# မဟာရွှေမြင်တင်စေတီတော်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်း အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၅**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် တတိယအကြိမ်အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၉နာရီတွင် စေတီတော်၏ဂန္ဓကုဋိတိုက်၌ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြင်ဦးလွင် တပ်နယ်မှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်က စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးစနစ်တကျ ဆောင်ရွက်ရန် အမှာစကား ပြောကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများက စေတီတော်ဘက်စုံမွမ်းမံပြုပြင်မှု အခြေအနေများ၊ အလှူငွေရရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်ကလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အလှူရှင်အသီးသီးက လှူဒါန်းသော ရွှေသင်္ကန်းအချပ် ၂၄၀နှင့် စုစုပေါင်း အလှူငွေကျပ် ၂၁၆၀၀၀၀ကို ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းရုပ်သိမ်းလိုက်သည်။

## ကုသိုလ်ပါဝင်လှူဒါန်းနိုင်

အဆိုပါ စေတီတော်အတွက် ယခုအခါအလှူငွေကျပ် ၁၃၉၄၁၂၅၀ ရရှိထားပြီးဖြစ်ကြောင်းနှင့် မဟာရွှေမြင်တင်စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရင်ပြင်တော်ပတ်လည် နေပူခံစကျင်ကျောက်ပြားခင်းခြင်း၊ မုခ်ဦးများ၊ ပစ္စယာသုံးဆင့်၊ ဂန္ဓကုဋိတိုက်၏အပေါ်အဆင့်နှင့် အောက်အဆင့်တို့ကို ပန်းဖော်ခြင်း၊ အချောကိုင်ဆေးသုတ်ခြင်း၊ တံခွန်တိုင်ပြန်လည်ပြုပြင်ခြင်း၊ ပန်းဥယျာဉ်ပြုလုပ်ခြင်း၊ ဘုရားဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် စေတနာရှင်အလှူရှင်များက ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးမြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်အား ထူးချွန်ဆုချီးမြှင့်စဉ်။**

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

ထို့ကြောင့် ယခု၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ဆောင်ပုဒ်ဖြစ်သည့် **"အရည်အချင်းပြည့်ဆရာများဖြင့် ပညာရေးအရည်အသွေးကိုမြှင့်တင်အံ့–** Quality Teachers for Quality Education"ဆိုသည့် ဆောင်ပုဒ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် ရေခံကောင်း မြေခံကောင်း အခြေခံကောင်းတွေရှိထားပြီးဖြစ်သည်ဟု ပြောကြားလိုကြောင်း။

## ကောင်းမြတ်သည့်ရိုးရာဓလေ့

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများအရ **"ဆရာ"**ဆိုသည့် ဝိသေသကို အလွန်မွန်မြတ်မြင့်မားပြီး အများကအလေးအမြတ်ထားကြည်ညိုလေးစား ပူဇော်ခံထိုက်သည့် ဂုဏ်ဒြပ်တစ်ရပ်အဖြစ် သမိုင်းအစဉ်အဆက်မှာ လက်ခံကျင့်သုံးခဲ့ကြသည်မှာ ယနေ့ထက်တိုင် ကောင်းမြတ်သည့်ရိုးရာ ဓလေ့အစဉ်အလာတစ်ရပ်အဖြစ် တည်တံ့ဖြစ်ထွန်း နေဆဲပင်ဖြစ်ကြောင်း။

မြန်မာ့နှစ်သစ် မင်္ဂလာအခါများတွင် ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ခါများ၌ ဆရာ ဆရာမများကို လက်ရှိ တပည့်များကသာမက အသက်အရွယ်ရရှိပြီး ရာထူးဂုဏ်ရှိန်မြင့်မားနေပြီဖြစ်သည့် တပည့်ဟောင်းများကပါ ကာယကံမြောက် လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည့် အစဉ်အလာသည် ဆရာ့ ဂုဏ်ကျေးဇူးကို သိတတ်သည့် မြန်မာလူမျိုးတို့၏ ချစ်စဖွယ်ဓလေ့စရိုက်ဖြစ်၍ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ပင်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများအရ တပည့်က ဆရာ့အပေါ်မှာထားရှိရမည့် ကျင့်ဝတ်များရှိသလို ဆရာက တပည့်အပေါ်ထားရှိရမည့်ကျင့်ဝတ်မှာလည်း တပည့်များကို စာပေပညာ သင်ကြားပေးရုံမျှမက လိမ္မာရေးခြားရှိပြီး လူမှုဘဝတွင် တိုးတက်အောင်မြင်သည်အထိ လမ်းမှန်ကို သွန်သင်ညွှန်ပြဆုံးမကြရမည့်တာဝန်သည် ဆရာများ၏ အရင်းခံတာဝန်များပင်ဖြစ်သည်ကို ဆရာ ဆရာမတိုင်းက နားလည်ခံယူထားပြီးဖြစ်ကြောင်း။

## ပြုစုပျိုးထောင်

ထို့ကြောင့် ဆရာ ဆရာမများအနေနှင့် **"မြတ်ဆရာ"**ဆိုသည့် ဂုဏ်ပုဒ်နှင့် လျော်ညီစွာ ကျင့်ကြံအားထုတ်ရင်း မိမိတို့၏တပည့်လူငယ်လူရွယ် ကျောင်းသူကျောင်းသားများကို နိုင်ငံတော်ကအားထားရမည့် ပညာရည်ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာစေရန် မြန်မာ့ဓလေ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီ ပြုစုပျိုးထောင်ပေးကြပါရန် ဆရာ ဆရာမများအားလုံးကို အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးမှာ ဆရာများ၏အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီးဖြစ်သည်နှင့်အညီ ဆရာ့အရည်အသွေး တိုးတက်မြင့်မားရေး၊ ဆရာများ၏ အခွင့်အလမ်းတိုးပွားဖြစ်ထွန်းရေးတို့အတွက် ဆက်လက်အားပေးထောက်ကူသွားမှာဖြစ်ကြောင်းကို တစ်ဆက်တည်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် စစည်းညီညွတ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးတို့အတွက် ဦးတည်မျှော်မှန်းပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်မျိုးသားလုံး လက်တွဲပူးပေါင်း အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## တက်ကြွစွာပါဝင်စွမ်းဆောင်

ထို့ကြောင့် ဆရာ ဆရာမများအနေနှင့်လည်း အမျိုးသားရေးပန်းတိုင်သို့ ချီတက်လျှောက်လှမ်းရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိတို့ကျရာကဏ္ဍက တက်ကြွစွာပါဝင်စွမ်းဆောင်ပေးကြပါရန် ဆရာ ဆရာမများအားလုံးကို တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကြီးတွင် ဆရာ ဆရာမများကိုပြောကြားလိုသည်မှာ–

– **နိုင်ငံတော်နဲ့ မိဘပြည်သူတွေက မိမိတို့လက်ဝယ်သို့ ယုံကြည် အားကိုးစွာ အပ်နှံထားတဲ့ ကျောင်းသူ ကျောင်းသား လူငယ် တွေကို လူရည်ချွန် လူရည်မွန် နိုင်ငံ့သားကောင်း သမီးမွန်များ ဖြစ်လာအောင် တိုင်းကျိုးပြည်ဆောင် သားကောင်းသမီးမွန်များ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါ၊**



**မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားတွင် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ပြည်ထွေးနိုင်အား ဆုချီးမြှင့်စဉ်။**

**(သတင်းစဉ်)**

– **ဆရာများရဲ့ မွန်မြတ်တဲ့ဂုဏ်ဒြပ်ကို ဂုဏ်ပြုဖော်ညွှန်းပြဆိုနေတဲ့ "ကမ္ဘာ့ဆရာများနေ့"အခမ်းအနားကြီးမှာ နိုင်ငံတော်နဲ့မိဘပြည်သူများက အားထားရတဲ့ ဆရာကောင်းဆရာမွန်တွေရဲ့ဘဝကို ထိုက်ထိုက်တန်တန် ခံယူပြီး မြတ်ဆရာဆိုတဲ့ဂုဏ်ဒြပ်နဲ့အညီ ကျင့်ကြံအားထုတ်မှုနဲ့အတူ ဆရာ့ဂုဏ်ရည်ကို မြှင့်တင်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNESCO, UNDP, ILO နှင့် UNICEF တို့၏ ခေါင်းဆောင်များက ပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်ဇော်က ဖတ်ကြားသည်။

## ဂုဏ်ပြုဖျော်ဖြေတင်ဆက်

ယင်းနောက် ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသား ကျောင်းသူလေးများက **"အိုဘယ့်ဆရာ"**သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးလေးဦးနှင့်ထူးချွန် ဆရာ ဆရာမခြောက်ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးလေးဦး၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးအရည်အသွေးမြင့်မားရေး

## မြန်မာ့ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာမှု အကျိုးရလဒ်ကောင်းများ

- ❒ မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၂ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၃၃၀၀၀ ကျော်သာရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်။
- ❒ ၁၉၈၈ ခုနှစ်က တက္ကသိုလ်သင်တန်းသား ၁ ဒသမ ၃၈ သိန်းကျော်နှင့် အခြေခံပညာကျောင်းသူကျောင်းသား ၅ ဒသမ ၂၄ သန်းသာရှိခဲ့ရာမှ ယခုအချိန်အခါတွင် တက္ကသိုလ်သင်တန်းသား ၇ ဒသမ ၄၉ သိန်းခန့်နှင့် အခြေခံပညာကျောင်းသူ ကျောင်းသား ၇ ဒသမ ၆၄ သန်းကျော်အထိ ပညာသင်ကြားနေနိုင်လာပြီဖြစ်။
- ❒ ၁၉၈၈ ခုနှစ်က တက္ကသိုလ် ဆရာ ဆရာမ ၆၅၀၀ ကျော်နှင့် အခြေခံပညာ ဆရာ ဆရာမ ၁ ဒသမ ၇၄ သိန်းခန့် စုစုပေါင်း ၁ ဒသမ ၈ သိန်းကျော်သာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ် ဆရာ ဆရာမ ၁၈၀၀၀ ကျော်နှင့် အခြေခံပညာဆရာ ဆရာမ ၂ ဒသမ ၃၇ သိန်းကျော်၊ စုစုပေါင်း ၂ ဒသမ ၅၅ သိန်းအထိတိုးတက်လာခဲ့ပြီဖြစ်။
- ❒ နယ်စပ်ဒေသ ၁၉ ခုတွင် အခြေခံပညာကျောင်းပေါင်း ၇၉၀ အထိ တိုးချဲ့ဖွင့်လှစ်ထားပြီး အခြေခံပညာ ဆရာ ဆရာမ ၃၀၀၀ ကျော်က အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူ ကျောင်းသား တစ်သိန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိ။
- ❒ ၁၉၈၈ ခုနှစ်က ပညာရေးတက္ကသိုလ် တစ်ခု၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတစ်ကျောင်း၊ ဆရာအတတ်သင်သိပ္ပံ လေးကျောင်း၊ ဆရာအတတ်သင်ကျောင်း ၁၃ ကျောင်း၊ စုစုပေါင်း တက္ကသိုလ်သိပ္ပံနှင့်ကျောင်း ၁၉ ကျောင်းသာရှိခဲ့ရာမှ ယခုအခါတွင် ပညာရေးတက္ကသိုလ် နှစ်ခု၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ပညာရေးကောလိပ် ၂၀၊ စုစုပေါင်း ဆရာအတတ်ပညာနှင့်ပတ်သက်ပြီး တက္ကသိုလ်နှင့်ကောလိပ် ၂၃ ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်။
- ❒ ဆရာများ၏အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အဆင့်မြင့်ပညာရေးဘွဲ့များဖြစ်သည့် မဟာဒဿနပညာရေးဘွဲ့၊ မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့ သင်တန်းများလည်း တိုးမြှင့်ဖွင့်လှစ်ပေးထားပြီးဖြစ်။





# တက်ရောက် မိန့်ခွန်းပြောကြား

**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားစဉ်။**

**(မြန်မာ့အလင်း)**

တို့အတွက် စွမ်းဆောင်ခဲ့မှုများနှင့် ထူးချွန်ဆရာ ဆရာမ ခြောက်ဦးတို့၏ ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ပြုခံဂုဏ်ထူးဆောင် ဆရာကြီးများဖြစ်ကြသည့် ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဦးသာလှ၊ ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီးဒေါက်တာဦးမောင်မောင်ခ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဆရာကြီး ဦးသန်းဦးနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ဆရာကြီး ဦးသောင်းထွင်တို့အား ဂါရဝပြုကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

## ထူးချွန်ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပဲခူးတိုင်း ကဝမြို့နယ် သက္ကလ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်စိန်ငွေ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ကျီးတောရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ မူလတန်းကျောင်းအုပ် ဆရာကြီး ဦးစိုးသိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် ကောင်းဘို့ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးသောင်းညွန့်၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းသန်းမာ၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မာသာဟိန်နှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၈)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းတို့အား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဆုများပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ဆရာဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော မြိတ်တက္ကသိုလ် မြန်မာစာဌာနမှ လက်ထောက်ကထိက ဦးသန်းဝင်း(မောင်သန်းဝင်း–ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုရရှိသော မအူပင်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်ချိုချိုတင့်(မတင့်–မြန်မာစာ)၊ တတိယဆုရရှိသော ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးသဘောတရားဌာနမှ နည်းပြ ဒေါ်မြင့်မြင့်စန်းတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရရှိသော ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်အေးအေးမြင့်၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း၊ တတိယဆုရရှိသော မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သန်းထွေးတို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ် သထုံမြို့အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးရွှေတင်၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မိုးဝါ၊ တတိယဆုရရှိသော မန္တလေးတိုင်း မြစ်သားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သူဇာတင်တို့အားလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါး ပြိုင်ပွဲ၌ပထမဆုရရှိသော ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ မြို့သစ် အမှတ် (၄၈) အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်တင်မိုးမိုးခိုင်၊ ဒုတိယဆုရရှိသော မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ထက်ထက်သူ၊ တတိယဆုရရှိသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီစိုးသိမ်းတို့အားလည်းကောင်းဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ် အဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ပုသိမ်ပညာရေးကောလိပ် ဒုတိယနှစ်မှမအိမိုဇာမြင့်၊ ဒုတိယဆုရရှိသော တောင်ကြီးပညာရေးကောလိပ် ဒုတိယနှစ်မှ မအေးသန္တာနိုင်၊ တတိယဆုရရှိသော ရန်ကင်းပညာရေးကောလိပ် ဒုတိယနှစ်မှ မအေးမြသန္တာတို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ပြည်ထွေးနိုင်၊ ဒုတိယဆုရရှိသော ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မနုထက်ထက်လွင်၊ တတိယဆုရရှိသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်အောင်ကိုလတ်တို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရရှိသော ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနုယဉ်မင်း၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း)ညောင်လေးပင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဇွန်ဦးလှိုင်၊ တတိယဆုရရှိသော ရခိုင်ပြည်နယ်စစ်တွေမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မစောမြစန္ဒီတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ် အဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ငူပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မနှင်းသီရိအောင်၊ ဒုတိယဆုရရှိသော ရန်ကင်းပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသား မောင်ထင်အောင်၊ တတိယဆုရရှိသော ရန်ကင်းပညာရေးကောလိပ်မှ ဒုတိယနှစ်ကျောင်းသူ မနွယ်နီလှိုင်တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရရှိသော မွန်ပြည်နယ် မုဒုံမြို့နယ် ပန်နဲတိုက် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အဋ္ဌမတန်းကျောင်းသူ မနှင်းဝတ်ဆံ၊ ဒုတိယဆုရရှိသော ရခိုင်ပြည်နယ် အမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မယုမွန်ကျော်၊ တတိယဆုရရှိသော ဧရာဝတီတိုင်း ရေကြည်မြို့နယ် မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသက်ဝေအိတို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား မောင်ထက်အောင်လင်း၊ ဒုတိယဆုရရှိသော ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအိမွန်ကျော်၊ တတိယဆုရရှိသော ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကောင်းမြတ်ဟန်တို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရွှေတံဆိပ်ဆုရှင် ကျောင်းသား ကျောင်းသူလေးများက 'အသီးတရာအညှာတစ်ခု'တေးသီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသော ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုခံဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်သည့် ဆရာကြီး ဒေါက်တာ ဦးသာလှသည် ၁၉၄၆ ခုနှစ်တွင် Imperial College, London မှပါရဂူဘွဲ့ရရှိခဲ့ပြီး လက်ထောက်ကထိကအဆင့်မှ ပါမောက္ခချုပ်အဆင့်အထိ ရန်ကုန်တက္ကသိုလ်၌ ၁၉၆၂ ခုနှစ်အထိလည်းကောင်း၊ Science and Technology Department, UNESCO, Paris တွင် ၁၉၇၇ ခုနှစ် အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း စွမ်းစွမ်းတမံပါဝင် စွမ်းဆောင်ခဲ့မှုကြောင့် နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်) တံဆိပ်ကိုချီးမြှင့်ခံခဲ့ရသည်။ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်မှာ နိုင်ငံတော်၏ ရေနံနှင့်ဓာတ်သတ္တု၊ ကျောက်မျက်ရတနာများရှာဖွေတူးဖော်နိုင်စွမ်းရှိသည့် ပညာရှင်များကို စတင်မွေးထုတ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဆရာကြီး ဒေါက်တာမောင်မောင်ခသည် ၁၉၄၆ ခုနှစ်မှာ Imperial College, London မှ ပါရဂူဘွဲ့ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ ရူပဗေဒဌာနမှူးအဆင့်မှ ပါမောက္ခချုပ်အဆင့်အထိလည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ တက္ကသိုလ် စာပေးစာယူသင်တန်းဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ အခြေခံပညာအထက်တန်းအဆင့် အထွေထွေသိပ္ပံနှင့် ရူပဗေဒဘာသာရပ် သင်ခန်းစာများကို မြန်မာလိုရေးသားပြုစုပေးခဲ့ပြီး တက္ကသိုလ်စာပေးစာယူသင်တန်းဌာနကို စတင်တည်ထောင်ဖွင့်လှစ်ပေးခဲ့ခြင်းပင်ဖြစ်သည်။

ဆရာကြီး ဦးသန်းဦးသည် ၁၉၆၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဟာဝိုင်ယီတက္ကသိုလ်မှ မဟာပညာရေးဘွဲ့ကို ရရှိခဲ့ပြီး အခြေခံပညာကဏ္ဍမှာ အထက်တန်းကျောင်းအုပ်ကြီးအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယနေ့အထိ ပညာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံပညာရေးဌာနသမိုင်းကို ရေးသားပြုစုခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်းများကို ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ယနေ့အထိကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ဆရာကြီး ဦးသောင်းထွင်သည် ၁၉၅၀ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ Indiana University မှ M.S.Ed ဘွဲ့ရရှိခဲ့ပြီး အခြေခံပညာနှင့်အဆင့်မြင့်ပညာကဏ္ဍမှာပါ အထက်တန်းပြဆရာအဆင့်မှ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ပညာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ပညာရေးကဏ္ဍအပါအဝင် ဆောင်းပါးနှင့်စာတမ်းပေါင်း ၃၅၀ခန့်ရေးသားခဲ့ပြီး သုတပဒေသာဆိုင်ရာ 'မြန်မာ့ပညာရေးရှုခင်း'စာအုပ်ရေးသားပြုစုခဲ့သဖြင့် ၂၀၀၀ပြည့်နှစ် အမျိုးသားစာပေဆုကို ချီးမြှင့်ခြင်းခံရသည်။ ဆရာကြီး၏ အဓိကစွမ်းဆောင်ချက်များမှာ ပညာရေးနှင့် လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ မဟာပညာရေးဘွဲ့ သင်ရိုးမာတိကာများ ရေးသားပြုစုသင်ကြားပေးခြင်းနှင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုဆိုင်ရာအစီရင်ခံစာများ၊ ဆောင်းပါးများနှင့်စာတမ်းများ ရေးသားပြုစုတင်ပြနိုင်ခြင်းများဖြစ်သည်။

## ထူးချွန်ဆရာခြောက်ဦး

၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထူးချွန်ဆရာခြောက်ဦးဖြစ်သည့် ပဲခူးတိုင်း ကဝမြို့နယ် သက္ကလကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်စိန်ငွေသည် ၂၀၀၃ခုနှစ် ဩဂုတ်၁ရက်နေ့လယ်ကျောင်းဆင်း၍ ကျောင်းသား ကျောင်းသူများ အိမ်ပြန်ချိန်တွင် ၁၈ပေခန့်အမြင့်ရှိသည့် တံတားပေါ်မှ ရေပြည့်လျှံနေသည့် ချောင်းထဲသို့လိမ့်ကျနစ်မြုပ်သွားသော ပထမတန်းကျောင်းသူနှစ်ဦးအား ဆရာမဒေါ်စိန်ငွေသည် ကိုယ်ဝန်ဆောင်စကာလဖြစ်သော်လည်း မိမိအသက်နှင့် ရင်သွေး၏အသက်ကို မငဲ့ကွက်ဘဲ ရေစီးသန်သည့်ချောင်းထဲတွင် နစ်မြုပ်နေသောကျောင်းသူနှစ်ဦးကို စွန့်စားကယ်တင်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ် ကျီးတောရွာ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းသည် ကျီးတောရွာမူလတန်းကျောင်းအုပ်ကြီးအဖြစ် ၂၄နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်လျက်ရှိရာ၌ ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ထူးခြားစွာစွမ်းဆောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့သည့်အပြင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို စနစ်တကျ ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ကောင်းဘို့အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးသောင်းညွန့်သည် ခြောက်နှစ်ကြာ လက်ထောက်မြို့နယ်ပညာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ပညာသင်ကြားရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် မူလတန်းကျောင်းအုပ်ဆရာကြီးများအတွက် လက်စွဲစာစောင်များရေးသားပြုစုဖြန့်ဝေပြီး မူလတန်းပညာရေး အရည်အသွေးမြင့်မားရေးလုပ်ငန်းများကို ကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သလို လက်ရှိအလယ်တန်းကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်ရာ၌လည်း ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် တိုးတက်ဆောင်ရွက်လျက်ရှိသည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းသန်းမာသည် ၂၀၀၃ ခုနှစ် ဇူလိုင် ၂၉ ရက် နေ့လယ်ကျောင်းတက်ချိန်တွင် လူမှောင်ခိုကူးရန် ကြံစည်သူလေးဦးက ဖြားယောင်းခေါ်ဆောင်သွားသော စတုတ္ထတန်းကျောင်းသူတစ်ဦးကို အန္တရာယ်မှ ကယ်တင်နိုင်ရေးအတွက် ကျန်ဆရာမနှစ်ဦးနှင့်အတူ စွန့်စားဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်သည် တာဝန်ကျရာ ကျေးလက်နှင့်မြို့ပေါ် အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများ၌ ကျောင်းအုပ်ဆရာမကြီးအဖြစ် ၂၅နှစ်ခန့်မျှ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ကျောင်းသားကျောင်းသူများ၏ သင်ကြားရေး၊ ဘက်စုံပညာဖွံ့ဖြိုးရေး၊ စီမံခန့်ခွဲရေးနှင့်ကျောင်း၏သွင်ပြင်လက္ခဏာ တိုးတက်ကောင်းမွန်ရေးတို့အတွက် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ဆောင်ရွက်ခဲ့သည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာမကြီး(အထက်တန်းပြ)ဒေါ်ဖြူဖြူဝင်းသည် လက်ရှိမူလတန်းကျောင်း၌ ၂၄ နှစ်ကြာ တာဝန်ထမ်းဆောင်စဉ်အတွင်း ကျောင်းသားကျောင်းသူများ၏သင်ကြား၊ သင်ယူမှုလုပ်ငန်းများမှာ သင်ထောက်ကူပစ္စည်းများနှင့် Multi-media ပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားပေးလျက်ရှိပြီး ဘက်စုံပညာပြည့်ဝသည့် ကျောင်းသား ကျောင်းသူများကို လေ့ကျင့်မွေးထုတ်ပေးနိုင်သူအဖြစ် ရပ်ရွာလူထု၏ စံပြုခံရသည့်အတွက် ထူးချွန်ဆရာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သွေးအားနည်းရောဂါကို ကာကွယ်ကြစို့

## ယုဝတီခင်ဦး

"ကြီးကြီးမေရေ...သွေးအားနည်းရင် ဘာဖြစ်တတ်သလဲဟင်"ဟု တူမလေးနွယ်နီ၏ အမေးကို ကျွန်မက−

"သွေးအားနည်းရင် ဘာဖြစ်တတ်သလဲဆိုတာ နောက်မှမေးရမယ့် မေးခွန်း သမီးရဲ့။ ပထမဆုံး သွေးအားနည်းရောဂါ ဘယ်နှမျိုးရှိသလဲ၊ ဘာကြောင့် သွေးအားနည်းတဲ့ရောဂါတွေဖြစ်ရတာလဲ၊ အဲဒီ သွေးအားနည်းရောဂါတွေ ဖြစ်လာရင် လူခန္ဓာကိုယ်မှာ ဘာဖြစ်တတ်သလဲ၊ ဘယ်လို ကုသရမှာလဲလို့ မေးရမှာ"ဟု ပြောလိုက်ရာ နွယ်နီသည် မြန်မာချည်ပိုး လုံချည်အစိမ်းနုရောင်ခံတွင် ပန်းပွင့်ဖော်ထားသော ထဘီ၊ အင်္ကျီဝတ်လျက် မျက်လုံးကလေးချိုရောင်ပြိုးလျက် ကျွန်မနားသို့ ကပ်ထိုင်လိုက်သည်။

"မှားသွားလို့ပါ ကြီးမေရယ်၊ ကြီးမေပြောသလိုမေးပါပြီ၊ ကဲ−အဖြေလေး ပေးပါဦး"ဟု ပြောလာသဖြင့် Anaemia သွေးအားနည်းရောဂါအကြောင်းကို ပြောပြရလေသည်။

သွေးနီဥတွေအရည်အတွက်က နဂိုရှိရမှာထက် ပိုကျရင် သွေးအားနည်းရောဂါဖြစ်လာတယ်။ သွေးနီဥထဲကို အောက်ဆီဂျင်ဓာတ်ကို သယ်ယူလာပေးတဲ့ ပရိုတင်းဓာတ်ကို ဟေမိုဂလိုဘင်လို့ခေါ်တယ်။ သူကလဲ နဂိုထက် လျော့ကျလာရင် သွေးအားနည်းရောဂါ ဖြစ်လာတာပဲ။

သွေးအားနည်းပုံက အမျိုးမျိုးရှိတယ်လေ−

**၁။ သံဓာတ်လျော့နည်းလို့ သွေးအားနည်းရောဂါဖြစ်လာတာ၊**

**၂။ သွေးနီဥပျက်စီးသွားတဲ့ သွေးအားနည်းရောဂါ၊**

**၃။ ဗီတာမင်ဘီ−၁၂ လျော့နည်းလို့ သွေးအားနည်းတာ၊**

**၄။ သွေးနီဥက သူ့ပုံသဏ္ဍာန်အတိုင်းမနေဘဲ အချွန်အတက်တွေ၊ လခြမ်းပုံ့ပုံသဏ္ဍာန်တွေဖြစ်လာလို့ မျိုးရိုးလိုက်ဖြစ်တဲ့ သွေးအားနည်းရောဂါ၊**

**၅။ ရောဂါတစ်ခုခုရလို့ ကြာလာရင် ဥပမာ−လေးဖက်နာရောဂါမျိုးတို့၊ ကူးစက်ရောဂါမျိုးတို့လိုပေါ့။ သွေးအားနည်းလာတတ်တာ၊**

**၆။ လူကီးမီးယားခေါ်တဲ့ သွေးဖြူဥတွေများတဲ့ သွေးကင်ဆာရောဂါမှာလဲ သွေးအားနည်းရောဂါဖြစ်တာတွေပဲ။**

သံဓာတ်လျော့နည်း သွေးအားနည်းရောဂါဖြစ်ရခြင်းအကြောင်းကတော့ သွေးထွက်လွန်လို့ပဲ။ ဥပမာ−အမျိုးသမီးတွေ ရာသီလာတဲ့အခါ သွေးလွန်ကဲရင်၊ မကြာခဏ ကလေးမွေးလို့ သွေးထွက်လွန်ကဲရင်၊ ဒါမှမဟုတ် အစာအိမ် လမ်းကြောင်းတို့၊ အူလမ်းကြောင်းတို့က အနာဖြစ်လို့၊ ကင်ဆာဖြစ်လို့ သွေးယိုစီးနေရင် သွေးအားနည်းလာမှာပဲ။

ပြီးတော့ ဟေမိုလစ်တစ်အနီးမီးယားဆိုတာ သွေးနီဥတွေက ခန္ဓာကိုယ်မှာ ရောဂါတွေရနေရင်၊ ဆေးတွေ လွန်လွန်ကဲကဲသောက်ရင်၊ မျိုးရိုးစဉ်ဆက် သွေးနီဥတွေ ပျက်တဲ့အစဉ်အလာရှိခဲ့ရင် သွေးအားနည်းတာပေါ့။

"အင်း−ဒါတွေလဲ သိထားဖို့လိုတယ်နော် ကြီးကြီးမေ"

သရက်သီးကို ခက်ရင်းခွကလေးဖြင့်ကော်စားနေသော တူမလေး နွယ်နီ၏ တစ်ပတ်လျှိုဆံထုံးတွင် ပန်ထားသော စံပယ်ပန်းနံ့များက မွှေးကြိုင်နေသည်။

"တကယ်လို့ ဗီတာမင်ဘီ−၁၂ (Vitamin B-12)ကို အစာအိမ်တို့၊ အူတို့က မစုပ်ယူနိုင်ရင် ဆရာဝန်က ဆေးပြားပေးရင် ပေးမယ်၊ ဒါမှမဟုတ် တစ်လတစ်ခါ ဆေးထိုးပေးလိမ့်မယ်။ တကယ်လို့ ဖောလစ်ဆိုတဲ့ဓာတ် အစာထဲမှာ ပါပေမယ်လို့ အစာအိမ်က စုပ်မယူနိုင်ရင် (Folic Acid) လျော့နည်းတဲ့ သွေးအားနည်းရောဂါရတယ်။ အဲဒီတော့ ဖောလစ်အက်ဆစ် ဆေးပြား သောက်ရတော့မှာပဲ"

"မျိုးရိုးကြောင့် သွေးနီဥတွေက လခြမ်းတွေ၊ ကြယ်တွေပုံပေါက်နေရင်ကော ကြီးကြီးမေ" ကတ်သီးကတ်သတ်ပြောတတ်သော တူမကိုကြည့်ကာ ရယ်မောမိသည်။

"အေး...ကြယ်တွေ၊လခြမ်းပုံ့ပုံသဏ္ဍာန်တွေ မျိုးရိုးကြောင့်ဖြစ်နေရင်တော့ သွေးကြောထဲကို ဆေးရည်သွင်းကုရမယ်၊ အနားယူရမယ်။ တစ်ခါတလေ သွေးတောင် သွင်းရဦးမယ်"

သွေးအားနည်းရောဂါကို ဆေးကုရာတွင် ဆရာဝန်၊ ကျန်းမာရေးဌာနသို့ ပြပြီးမှ သွေးအားနည်းသည့်အကြောင်းအရာကို ရှာဖွေ၍ကုသရမည် ဖြစ်ပေသည်။ သွေးအားနည်းတိုင်း သံဓာတ်သွေးအားဆေးများကို ဆရာဝန်မညွှန်ကြားဘဲနှင့် သောက်ရန်မသင့်ပေ။

ဗီတာမင်ဘီ−၁၂ လျော့နည်းလျှင် သွေးအားနည်းရောဂါအပြင် အာရုံကြောနှင့် ပတ်သက်သည့်ထုံနာ၊ ကျဉ်နာ၊ လမ်းလျှောက်ရင် မထိန်းနိုင်၍ ယိမ်းယိုင်ခြင်း၊ စိတ်ကျရောဂါ၊ ဉာဏ်ထုံထိုင်းလာသော ရောဂါတို့ ဖြစ်တတ်သည်။ ဖောလစ်အက်ဆစ်လျော့နည်းရင် သွေးအားလဲနည်း၊ စိတ်ကျရောဂါလဲ ဖြစ်တတ်သည်။ ကိုယ်ဝန်ဆောင် မိခင်များသည် အာဟာရပြည့်ဝအောင် မစားရင် သန္ဓေသားမှာပါ ထိခိုက်တတ်သည်။

ဟင်းနုနယ်နှင့် စိမ်းလန်းသော ဟင်းသီးဟင်းရွက်သည် နှလုံး၊ ဦးနှောက် ရောဂါများကို ကာကွယ်၍ဟင်းနုနယ်သည် ဗီတာမင်ဘီ ဖောလိတ်၊ ဗီတာမင်အေ ပါသည်။ ထို့အတူပင် ငါးတွင် ဗီတာမင်ဘီ−၁၂ ပါဝင်၍ ဦးနှောက်နှင့် အာရုံကြောရောဂါ ကာကွယ်သည်။

ထို့ကြောင့် သွေးအားနည်းမနည်း မိမိလက်သည်း အရောင်ကိုကြည့်ပါ၊ နှုတ်ခမ်းနီမဆိုးခင် နှုတ်ခမ်းအရောင်ကြည့်ပါ၊ မှန်ရှေ့တွင် လျှာထုတ်၍ကြည့်ပါ၊ သွားဖုံးကို ကြည့်ပါ။ ဖြူနေသလား၊ မဖြူသလား အရောင်ကိုကြည့်ပြီး မိမိကိုယ်ကို ကာကွယ်နိုင်သည်။ အောက်မျက်ခမ်းကို လှန်ကြည့်ရင် မနီဘဲ ပန်းရောင်ပဲ သန်းနေသလားကြည့်ပါ။ နည်းနည်းမောလာမည်၊ မူးရိပ်ရိပ် ဖြစ်လာကတည်းက ဆရာဝန်နှင့် ကျန်းမာရေးဌာန ပြသင့်သည်။ အမျိုးသမီးများအနေဖြင့် လစဉ် ရာသီလာနေသဖြင့် သံဓာတ်သွေးအားနည်းရောဂါ အများဆုံး ဖြစ်နိုင်ပေသည်။ ကိုယ်ဝန် မကြာခဏဆောင်လျှင်လဲ သွေးအား နည်းတတ်ပေသည်။

ကျွန်မရှင်းပြသည်ကို နားထောင်နေသော တူမနွယ်နီကို ပြုံးပြီးကြည့်မိသည်။

"ကြီးကြီးမေပြောတာတွေ စိတ်ဝင်စားစရာကောင်းတယ်နော်၊ စိတ်လဲ ချမ်းသာ၊ လူလဲကျန်းမာအောင် ဘယ်လိုနေရမလဲဟင်" နွယ်နီက မေးခွန်းတစ်ခု ထုတ်လာပြန်သည်။

"ကောင်းပြီသမီး၊ ကြီးမေပြောပြမယ် နားထောင်...

(၁) စိတ်ချမ်းသာချင်ရင် မနက်မိုးလင်း အိပ်ရာကထတာနဲ့ ဘုရား၊ တရား၊ သံဃာကို အာရုံပြုလိုက်ပါ၊

(၂) မိမိနဲ့တကွ တစ်မျိုးလုံး၊ တစ်ဆွေလုံး၊ မိတ်ဆွေအားလုံး၊ တစ်မျိုးသားလုံး၊ ပြည်ထောင်စုတစ်ခုလုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး၊ အနန္တစကြဝဠာနဲ့ သုံးဆယ့်တစ်ဘုံ ရည်စူးပြီး မေတ္တာပို့ပါ၊

(၃) စိတ်ကျန်းမာအောင် ကောင်းတာတွေး၊ ကောင်းတာပြော၊ ကောင်းတာလုပ်ပါ၊

(၄) ကိုယ်ကျန်းမာအောင်ကတော့ အာဟာရပြည့်ဝအောင်စား၊ အစာတစ်ခုစားရင် ဗိုက်အဝ၊ ဗိုက်တင်းအောင်မစားနဲ့၊ နည်းနည်း... နည်းနည်းနဲ့ မကြာခဏစားပါသမီး။ အစာစားပြီးရင် ထိုင်ပြီး စာဖတ်တာတို့၊ တီဗွီ၊ ဗီဒီယိုတို့မကြည့်သေးဘဲ အရိယပုထ်မျှအောင် နည်းနည်းပါးပါး အလုပ်တစ်ခုခုကို လှုပ်လှုပ်ရှားရှားလုပ်ရင်လုပ်၊ ဒါမှမဟုတ် လမ်းကလေးနည်းနည်းလျှောက်လိုက်၊

(၅) နံနက်စောစော လေ့ကျင့်ခန်းလေး ခဏလုပ်၊ ဒါမှမဟုတ် မနက်ဖြစ်ဖြစ်၊ ညနေဖြစ်ဖြစ် လမ်းလျှောက်ပေါ့၊

(၆) ကိုယ့်ကိုယ်ကို သွေးအားမနည်းအောင်၊ ကျန်းမာအောင် ဂရုစိုက်ပြီး တစ်ပတ်တစ်ခါ ကိုယ်အလေးချိန် ချိန်ကြည့်ပါ သမီး"

နွယ်နီကတော့ ခေါင်းညိတ်၍ ဤသို့ နှုတ်ဆက်သွားပါသည်။

"ဗိုက်လဲဝပြီ၊ ဗဟုသုတလဲ ရသွားပြီ၊ အမျိုးသမီး ငယ်ရွယ်တို့၊ အမျိုးသမီးလတ်တို့၊ အမျိုးသမီးကြီးတို့နဲ့ ဆိုင်တဲ့ သွေးအားနည်းရောဂါ ကာကွယ်နည်း အကြောင်းတွေ၊ ကျန်းမာရေး ပညာပေးဟောပြောပွဲမှာ ပြောပြလိုက်ဦးမယ်။ ကြီးကြီးမေရေ ပြန်ပြီနော်"။ ။

# ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းဖွင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၅

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း ဖွင့်လှစ်သော ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ ယုဇန ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ် အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းအဖွဲ့ဝင်များ၊ သင်တန်း ဆရာများနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် မြန်မာ နိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာလှမောင်ရွှေတို့က ပုစွန်မွေးမြူ ရေးသင်တန်း ပူးပေါင်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားကြသည်။

### ရက်သတ္တနှစ်ပတ်

အဆိုပါသင်တန်းကို ပုစွန်မွေးမြူသူများနှင့် မွေးမြူရေးကုမ္ပဏီများမှ သင်တန်းသား ၅၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### အာဟာရကျွေးမွေး

**အောက်တိုဘာ ၂ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းသား ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးအတွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်း အာဟာရကျွေးမွေးစဉ်။** (က−ပ)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

## သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက−

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်ဧည့်အဖွဲ့အားလက်ခံတွေ့ဆုံ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဂျပန်နိုင်ငံမှ Japan System Boxနှင့် Myanmar Economic Association တို့၏ ဥက္ကဋ္ဌ Mr.Yasuyoshi Nakajima နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဂျပန်နိုင်ငံမှ Japan System Box နှင့် Myanmar Economic Association တို့၏ ဥက္ကဋ္ဌ Mr.Yasuyoshi Nakajima နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိကျင်းပမည့် အဋ္ဌမအကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများညီလာခံသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

အဆိုပါ မြန်မာကိုယ်စားလှယ် အဖွဲ့အား သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှတာဝန်ရှိသူများ၊ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသက်စိုးနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွေးတို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# ဆေးပညာစာပေးစာယူ သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်CMEကကြီးမှူး၍အနယ်နယ် အရပ်ရပ်မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Diagnostic Medical-Surgical Procedures 2004 စာပေးစာယူသင်တန်းကို ၂၀၀၄ ခုနှစ် အောက်တိုဘာ၁၁ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် မြန်မာနိုင်ငံ ဆရာဝန် အသင်း ဖုန်း–၃၇၈၈၆၃ နှင့် ၂၈၅၁၆၉ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ် စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အဋ္ဌမ အကြိမ်မြောက် အာဆီယံ ပြန်ကြား ရေး ဝန်ကြီးများ ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ်၊တော်သလင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)**
**၆–၁၀–၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "အဋ္ဌမဆယ်စုနှစ်"(အပိုင်း–၆)
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၁၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၅ ၇။ International News
၈:၄၀ ၈။ Inlands of Dhamma
၈:၅၀ ၉။ ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ သဒ္ဓမ္မသီတဂူချောင် စစ်ကိုင်းတောင်ရိုးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice In Reading
၁၆:၄၀ ၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု) အထက–၄၊ မင်္ဂလာတောင်ညွန့် (အမျိုးသား ဝတ်ရွတ်အဖွဲ့)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး အခြေခံပညာအဆင့် ၁၅–၂၀နှစ် (အမျိုးသား)
၁၇:၄၀ ၈။ ဂီတမဟာ ပျော်စရာ
၁၇:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၂၀ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၅။ မြန်မာ့ဆေးလောက၏သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုးကုသခြင်း)(အပိုင်း–၄)
၁၉:၃၀ ၁၆။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)
၁၉:၄၀ ၁၇။ သမ္ဗုဒ္ဓေစေတီနှင့် ကျောက်ကူရွှေဂူနီ
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာရုပ်ရှင် **"ပန်းမြိုင်လယ်က ဥယျာဉ်မှူး"** (ကျော်ဟိန်း၊ နေအောင်၊ သီဂီထွန်း) (ဒါရိုက်တာ–မောင်တင်ဦး)
၂၂။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

# ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်းအုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၅**

၂၀၀၄ခုနှစ် ပထမအကြိမ်အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် ဗီယက်နမ်(က) အမျိုးသမီး ဘောလုံးအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။

မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ပွဲစဉ်တွင် ပထမပိုင်း မိနစ် ၂၀ ၌ ဗီယက်နမ်အသင်းက ဦးဆောင်ဂိုးသွင်းယူသည်။မြန်မာအသင်းအတွက်ချေပဂိုးကို ပွဲချိန်၄၃မိနစ်တွင် တိုက်စစ်မှူး မာလာဝင်းက ခေါင်းတိုက်သွင်းယူပေးသည်။

အုပ်စု(က)ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ မြန်မာအမျိုးသမီးအသင်းက သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ(၇)မှတ်ဖြင့် အုပ်စုပထမရရှိသွားသည်။ ဗီယက်နမ် (က) အမျိုးသမီးအသင်းကသုံးပွဲကစား၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ(၅) မှတ်ဖြင့် အုပ်စုဒုတိယရရှိသွားသည်။ ထိုင်းအမျိုးသမီးအသင်းနှင့် မော်လဒိုက်အမျိုးသမီး အသင်းတို့ အုပ်စုအဆင့်မှပင် ထွက်သွားရသည်။ အုပ်စု(ခ)မှ စင်ကာပူ အမျိုးသမီးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးအသင်းတို့ အုပ်စုအဆင့်မှပင် ထွက်သွားရသည်။

အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၇ ရက်တွင်ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် အုပ်စု(ခ) ပထမ ဗီယက်နမ်(ခ)အသင်းနှင့် အုပ်စု(က)ဒုတိယ ဗီယက်နမ်(က)အသင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် အုပ်စု(က) ပထမမြန်မာအသင်းနှင့် အုပ်စု(ခ)ဒုတိယအင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မော်လဒိုက်ကို ၁၇ဂိုး–ဂိုးမရှိ၊ ထိုင်းအသင်းကိုတစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အိမ်ရှင်ဗီယက်နမ်(က)အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၁၉ဂိုး သွင်းယူခဲ့ပြီး တစ်ဂိုးသာအသွင်းခံခဲ့ရသည်။မြန်မာ အမျိုးသမီးအသင်းအတွက် မာလာဝင်းက ခုနစ်ဂိုး၊ ဇင်မာဝမ်းက လေးဂိုး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေးနှင့် ခင်ကြွေထွေးတို့က နှစ်ဂိုးစီနှင့် သက်သက်ဝင်းနှင့် သီတာဦးတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်လျက်ရှိပုံ အခြေခံစည်းရုံးရေးသင်တန်း၌ ဟောပြောပို့ချ

**ရန်ကုန် အောက်တိုဘာ ၅**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှညနေ ၄ နာရီအထိ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၉)ရှိ သင်တန်းသား ၁၂၀ အား အမျိုးသားရေးမူဝါဒများ မွန်မြတ်မှန်ကန်ပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်လျက်ရှိပုံတို့နှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

# တိုင်းရွှေဂုံ ဟင်းသီးဟင်းရွက်နှင့်သားငါးအရောင်းဆိုင် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေစစ်ဆေး ဈေးနှုန်းမှန်ကန်စွာရောင်းချရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိရေးဆောင်ရွက်ရန် မှာကြား

ရန်ကုန် အောက်တိုဘာ ၅

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ထုတ်လုပ်ရောင်းချသည့် တိုင်းရွှေဂုံ ဟင်းသီးဟင်းရွက်၊ သားငါးအရောင်းဆိုင်နှင့် မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

## ရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ညနေ၄နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ပြည်လမ်းမကြီးရှိ တိုင်းရွှေဂုံ ဟင်းသီးဟင်းရွက်နှင့် သားငါးအရောင်းဆိုင်၌ ဟင်းသီးဟင်းရွက်နှင့် သားငါးများ လွတ်လပ်စွာ ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

## အလေးထားဆောင်ရွက်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးမွေးမြူထားသည့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများကို ဈေးနှုန်းမှန်ကန်စွာရောင်းချပေးရေး၊ ဆိုင်တွင်းဆိုင်ပြင် သပ်ရပ်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

## ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စော်ဘွားကြီးကုန်းရှိ အမှတ်(၁) မွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ခြံတာဝန်ခံအရာရှိ ဗိုလ်ကြီးဝင်းဇင်မောင်က အမှတ်(၁) မွေးမြူရေးစခန်း၏ အသားစားကြက်များ မွေးမြူထားရှိမှု၊ လယ်ငါးခုများ မွေးမြူထားရှိမှု၊ ကြက်ဥဖောက်စက် လုပ်ငန်းမှာ ဘက်ကော့အမျိုးအစား မိဘမျိုးရိုး ဥစားကြက်များ သားဖောက် ရောင်းချနေမှု၊ ကြက်သားနှင့် လယ်ငါးခုထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းဆင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## တိုးမြှင့်ရောင်းချ

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှတ်(၁)မွေးမြူရေးစခန်းမှ ထွက်ရှိသည့် ကြက်သား၊ လယ်ငါးခုနှင့် ဘက်ကော့အမျိုးအစား မိဘမျိုးရိုး ဥစားကြက်သားပေါက်များ တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ရေး မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကြက်ဥဖောက်စက်များဖြင့် ဘက်ကော့အမျိုးအစား မိဘမျိုးရိုး ဥစားမျိုးကြက်ဥများ သားဖောက်နေမှုအခြေအနေကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ထုတ်လုပ်သည့် အသားစားကြက်ပေါက်များကို မွေးမြူသည့် ကြက်ခြံများကို လည်းကောင်း၊ လယ်ငါးခုမွေးမြူထားသည့် ငါးကန်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ပင်မငါးမွေးမြူရေးစခန်းနှင့် အမှတ်(၃)မွေးမြူရေးစခန်းတို့သို့ ရောက်ရှိလာရာ တာဝန်ခံအရာရှိ ဗိုလ်မှူးသက်လှိုင်က ငါးသားပေါက်များ ထုတ်လုပ်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ငါးမြစ်ချင်း၊ ငါးတန်များ မွေးမြူထားသည့် ငါးကန်များကိုလည်းကောင်း၊ ဘတ်ရှိုင်းယား၊ လပ်ဝှိုက်အမျိုးအစား ဝက်များမွေးမြူထားသည့် အခြေအနေကိုလည်းကောင်း လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ငါးများ၊ ဝက်များ ပိုမိုမွေးမြူရေးနှင့် ထွက်ရှိလာသည့် အသား၊ ငါးများကို တိုင်းရွှေဂုံ ဟင်းသီးဟင်းရွက်နှင့် သားငါးအရောင်းဆိုင်၊ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် စည်ပင်သာယာဈေးများမှတစ်ဆင့် ပိုမိုရောင်းချနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဆည်တည်ဆောက်မှုနှင့် တစ်ချိန်တည်းရေပေးတူးမြောင်းများပြီးစီးစေရန် ဆောင်ရွက် နိုင်ငံ့စီးပွား လယ်ယာကဏ္ဍ ထုတ်ကုန်တိုးမြှင့်ရေး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၅

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး တည်ဆောက်နေသော ကွန်ချောင်း(၂)ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက အလုံ(မြောက်)ချောင်းပေါ်၌ အလျားပေ၆၇၂၀၊ အမြင့်၁၃၅ပေရှိသည့် မြေသားတမံတည်ဆောက်၍ ရေပေးတူးမြောင်းများဖြင့် လယ်မြေဧရိယာဧကနှစ်သောင်းခန့်ကို ရေပေးဝေရန် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းနှင့် တည်ဆောက်ရေးပစ္စည်းများ ရရှိအသုံးပြုမှုတို့ကို ရှင်းလင်းတင်ပြသည်။**

## သတ်မှတ်ချိန်စောပြီးရေး

ဝန်ကြီးက တည်ဆောက်ရေး တာဝန်ခံများအားဆည်တည်ဆောက်မှုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ရေသောက်စနစ် ရေပေးတူးမြောင်းများပြီးစီးရေး၊ စပါးအပြင် ရေလိုအပ်ချက် နည်းပါးသည့် သီးနှံများ စိုက်ပျိုးရေး၊ ဆည်ရေအလေအလွင့် မရှိအောင် စနစ်တကျ အသုံးပြုရေး၊ ဒေသအမြန်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းများကို သတ်မှတ်ချိန်ထက်စော၍ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံကို စက်ယန္တရားများဖြင့် တည်ဆောက်နေမှု၊ ပြီးစီးသော အပိုင်းတွင် ဆည်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု၊ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်မှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

## ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဟင်္သာတမြို့နယ် တလုတ္တော်ကျေးရွာ ရွာမကျောင်းတိုက်၌ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွား အခြေခံ လယ်ယာကဏ္ဍ ထုတ်ကုန် တိုးမြှင့်ရေး၊ ရေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဟင်္သာတမြို့နယ် အင်းခဝယ်ကျေးရွာအုပ်စု မြို့ဝင်မြို့ထွက် စပါးစံပြစိုက်ကွက် ဧက၄၀၀စိုက်ခင်းသို့ရောက်ရှိပြီး **(ဝဲပုံ)**တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ စပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေး၊ သဘာဝမြေဩဇာအသုံးပြုရေးဆွေးနွေး မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်ကျော်ဇေယျ စပါးစိုက်ခင်းနှင့် ရေကျောက်ခက် ဇီဝမြေဩဇာ မျိုးပွားကန်တို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ရှင်းလင်းပြသသည်။

## ဝိုင်းဝန်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ဇလွန်မြို့တွင် ဟင်္သာတခရိုင်နှင့်ဇလွန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဇလွန်မြို့ ကမ်းပြိုကမ်းစားမဖြစ်ရေးနှင့် တာတမံများ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအပေါ် ဆက်လက်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံနှင့် နိုင်ငံသားများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် နိုင်ငံတော်သစ် တည်ဆောက်ရေး အတွက် အခြေခံလိုအပ်ချက်များဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ရေး မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ထိုမှဆက်လက်ထွက်ခွာခဲ့ပြီး လမ်းခရီးတစ်လျှောက်၌ ဇလွန်မြို့နယ်နှင့် ဓနုဖြူမြို့နယ် လမ်းဘေးဝဲယာရှိ မိုးစပါး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆယ် ကျေးရွာ၌ ဧရာဝတီတိုင်း စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များ၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ စပါးအပါအဝင် ပင်မသီးနှံဆယ်မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တိုင်းရင်းဆေးဆရာ သင်တန်းအမှတ်စဉ်(၃) အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၅**

တိုင်းရင်းဆေးဆရာ သင်တန်းအမှတ်စဉ်(၃) အာစရိယပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ တိုင်းရင်းဆေးရုံကြီး တိုင်းရင်းဆေးဆရာသင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာသိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## ပူဇော်ကန်တော့

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများက ကန်တော့ခံဆရာဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများ ကိုယ်စား ဆရာကြီး ဦးမြဝင်းက ဩဝါဒစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသား ဦးမျိုးမြင့်နှင့် သင်တန်းသူ ဒေါ်အေးချစ်ကျော်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (က-ပ)

**စက်တင်ဘာ ၂၃ ရက်က ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၄)တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်း၏ မွေးနေ့အလှူအဖြစ် ကျောင်းရှိကျောင်းသားကျောင်းသူများအား မုန့်ဟင်းခါးအာဟာရဒါန ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ ကြီးကြပ် ကျွေးမွေးကြစဉ်။**
(က-ပ)





# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ (၂၆)ကြိမ်မြောက်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် အောက်တိုဘာ ၅

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားသမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် အာဆီယံ–အမေရိကန် ပြည်ထောင်စု စီးပွားရေးကောင်စီ (ASEAN-US Business Council)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိအဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

### ဆွေးနွေးညှိနှိုင်း

ထို့နောက် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို အရှိန်မြှင့်တင်ရန် ဦးစားပေးနယ်မြေများတွင် သစ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ သစ်အခြေခံ ထုတ်ကုန်များကဏ္ဍ စုစည်းညီညွတ်ရေး လုပ်ငန်းစဉ်ကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ အာဆီယံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြရာ အာဆီယံနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) တို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ အာဆီယံ–အမေရိကန်ပြည်ထောင်စု စီးပွားရေးကောင်စီ (ASEAN - US Business Council) တို့ ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ အာဆီယံအဆင့်မြင့်အရာရှိများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပူးပေါင်းဆွေးနွေးညှိနှိုင်းကြသည်။

### အဆိုပြုချက်တစ်ရပ်

ယင်းသို့ ဆွေးနွေးကြရာ၌ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတို့အကြား ဆန်စပါး ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က ဆန်စပါး ရေရှည်စိုက်ပျိုးရာ၌ ရေအရင်းအမြစ်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် စိုက်ပျိုးထုတ်လုပ်သူ လူသားအရင်းအမြစ်တို့သည် အဓိကကျကြောင်း၊ ရေရှည်တွင် စပါးစိုက်ပျိုးမှုအတွက် လိုအပ်သော စိုက်ပျိုးရေဖူလုံစွာ ရရှိရေး၊ ကမ္ဘာကြီးပူနွေးလာမှုအတွက် စပါးထွက်ရှိမှု ကျဆင်းမသွားစေရန် စီမံဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သူ လယ်လုပ်သား လူသားအရင်းအမြစ်များ စိုက်ပျိုးရေးပညာ အရည်အသွေးမြင့်မားနေစေရေးတို့ကို စဉ်ဆက်မပြတ် လုပ်ကိုင်ကြစေရေးတို့တွက် အစီအမံများ ထားရှိဆောင်ရွက်သွားရန်လိုအပ်ကြောင်း အဆိုပြုချက်တစ်ရပ်ကို အကြံပြုတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများသည် အာဆီယံ–အိန္ဒိယ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အာရှတိုက်၏ ဆန်စပါး ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းဆွေးနွေးကြသည်။

### အောင်မြင်စွာကျင်းပပြီးစီး

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက် အစည်းအဝေးများ၏ ပူးတွဲကြေညာချက်မူကြမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အထူးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာ သတ်မှတ်ခြင်းနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး PREPSOM အစီရင်ခံစာကို အတည်ပြုခြင်းတို့ကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

အောက်တိုဘာ ၆ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေးအတွက် အကြံညှိနှိုင်းမှုကို ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ညှိနှိုင်း ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရေးရာဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီး/ အတွင်းဝန်အဆင့် ဆွေးနွေးပွဲ (Foreign Office Consultations)သို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန အတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ် ဦးဆောင်သော အိန္ဒိယ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာရာဂျစ်ကူးမားဗာတီးယား၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ရွှေမြန်မာဆရာတော်၏ နယ်လှည့်တရားပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

ရွှေမြန်မာဆရာတော် ဦးဝိစ္ဆာသိဒ္ဓိ (မဟာစည် နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် အောက်တိုဘာ၂၀နှင့် ၂၁ရက်တို့တွင် မုံရွာမြို့ စန်းမြသီတာရိပ်သာနှင့် ဘုန်းစိုးရပ်ဓမ္မာရုံတို့၌ လည်းကောင်း၊ ၂၈ရက်နှင့် ၂၉ရက်တို့တွင် ချောက်မြို့၌လည်းကောင်း၊ နိုဝင်ဘာ၂၀ရက်နှင့် ၂၁ရက်တို့တွင် တောင်တွင်းကြီးမြို့နယ် ဆရာတော်ဦးဇောတိကကျောင်း၌ လည်းကောင်း၊ ဒီဇင်ဘာ ၁ရက်နှင့် ၂ရက်တို့တွင် ဘိုကလေးမြို့နယ် ကဒုံကနိ၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝန်ကြီးပိုလ်မှူးကြီးသိန်းညွန့် ခေါင်းဆောင်သောအဖွဲ့ အာဆီယံကျေးလက်ဒေသအစည်းအဝေးတက်ရန်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှု ပပျောက်ရေးဝန်ကြီးအဆင့် စတုတ္ထအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Simon Tensing de Cruz၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုင်းဖျန်နှင့် မိုင်းပေါက် ထပ်ဆင့်လွှင့်စက်ရုံများ ရုပ်မြင်သံကြားအစီအစဉ်များ စတင်ထုတ်လွှင့်

**ရန်ကုန် အောက်တိုဘာ ၅**

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖျန်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် စက်တင်ဘာ၃၀ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနံ့ ၇ဖြင့် အောက်တိုဘာ ၁ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပေါက်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနံ့ ၇ဖြင့် အောက်တိုဘာ ၄ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ့ရုပ်ရှင်သည်၁၉၂၀ပြည့်နှစ် အောက်တိုဘာ၁၃ရက်တွင် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သော မေတ္တာနှင့် သူရာ ဇာတ်ကားကို ရုံတင်ပြသနိုင်ခဲ့သည်။

မြန်မာ့ရုပ်ရှင်ကို ဂုဏ်ပြုသောအားဖြင့် စတုတ္ထအကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို အောက်တိုဘာ ၁၃ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့တွင် မြန်မာ့ရုပ်ရှင်ခေတ်အဆက်ဆက် ရိုက်ချက်များအကြောင်းကို မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကော်မတီက ပြုစုပြီး ဦးဌေးအောင်က လည်းကောင်း၊ ရုပ်ရှင်နှင့် ဘဝ၊ ထို့နောက် ရွှေကြက်ဖ ရုပ်ရှင်ပွဲတော် အတွေ့အကြုံကို ရုပ်ရှင်သရုပ်ဆောင် မျိုးသန္တာထွန်းက လည်းကောင်း၊ ပြောင်းလဲသွားသော ရုပ်ရှင်အချောသပ်လုပ်ငန်း (Post Production)ကို ဒါရိုက်တာ ကြည်စိုးထွန်းက လည်းကောင်း ဇာတ်ကွက်များကိုပြသ၍ ဟောပြောကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၉ရက်က လပွတ္တာမြို့ ရွှေနဒီ ခန်းမ၌ ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ ဒေါ် နန်း မွမ်ခမ်းက ကျပ် ၁၂၂၀၀၀ တန်ဖိုးရှိ ဝတ်စုံများကို ဝန်ထမ်းများကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးတင်ဇော်ဇော်အောင်ထံ ပေးအပ်စဉ်။ (က–ပ)



မွန်ပြည်နယ် မြန်မာ့ ရိုးရာယဉ် ကျေး မှု ဒွါဒသမ အကြိမ် (၁၂ကြိမ်)အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (မွန် ပြည် နယ် အဆင့်)ဆုပေးပွဲ အခမ်း အနားကို စက် တင် ဘာ ၁၂ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဆုပေးအပ်ချီးမြှင့်စဉ်။ (၁၆၈)

## ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှိသင့်သည်။

## ခရမ်းမြို့ဖွံ့ဖြိုးရေး အုတ်ဖိုတံတားပြုပြင်

**ခရမ်း စက်တင်ဘာ ၃၀**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရွှေလှေ–မောင်းမ–ခရမ်းလမ်းပေါ်ရှိ အုတ်ဖိုတံတားပြုပြင်တည်ဆောက်မှုကို စက်တင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်သန်း ကွင်းဆင်းစစ်ဆေးရာ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာ ဦးချစ်သက်ဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ကျော်စိုးတို့က လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**



## စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

**နတ်တလင်းမြို့နယ် ချောင်းကမ်းကြီးကျေးရွာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးညီညီနှင့် ဝန်ထမ်းများက နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ရာ တိုင်းဦးစီးဌာနမှူး ဦးခင်ရွှေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



## ဂုဏ်ပြုလွှာပေးအပ်

**ကွယ်လွန်သူဇနီး(ဒေါ်စန်း)သား (မောင်မောင်မြင့်) S.A.E (Eastwind Co.,) စစ်တုရင် လက်ရွေးစင် ဟောင်း (ပြည်ထဲရေးဝန်ကြီးဌာန)အား ရည်စူး၍ ၁၁/က သုမင်္ဂလာလမ်း ကေတုမာလာ(၄) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးလှမြင့်နှင့်သားသမီးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အတွင်းရေးမှူး ဦးညွှန့်တင်နှင့် အလုပ်အမှုဆောင် ဦးညွှန့်သိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (က–ပ)



## သာယာဝတီမြို့နယ်ရှိ စပါးခင်းများအတွင်း ငါးမျိုးကောင်ရေတစ်သိန်းစိုက်ထည့်ပွဲကျင်းပ

**သာယာဝတီ စက်တင်ဘာ ၃၀**

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် အင်းရွာကုန်သွယ်လယ်ယာစပါးခင်း ၁၈ဧကေ၌ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်နှင့် ဝန်ထမ်းများက သာယာဝတီမြို့နယ် အင်းရွာကျေးရွာမှ ကုန်သွယ်လယ်ယာ စပါးခင်း အပါအဝင် တစ်မြို့နယ်လုံးသတ်မှတ် စပါးခင်း ဧက ၂၀၀ အတွင်းသို့ ငါးခုံးမ၊ တီလားဗီးယား၊ ရွှေဝါငါးကြင်း၊ ငါးခူ ကောင်ရေတစ်သိန်းစိုက်ထည့်ကြသည်။

**စိုက်ထည့်**

သာယာဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၀၄–၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တစ်ခရိုင်လုံးအတွက် စပါးခင်းဧက ၁၂၁၂ ၌ ငါးကောင်ရေ ခြောက်သိန်းနှင့် ခြောက်ထောင်စိုက်ထည့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## အမေ့မေတ္တာစာမူပြိုင်ပွဲ စာမူများပေးပို့နိုင်

**ရန်ကုန် အောက်တိုဘာ ၅**

အမေ့မေတ္တာ စာမူပြိုင်ပွဲကို ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှ ကြီးမှူးကျင်းပမည်ဖြစ်ရာ ဝတ္ထုတို၊ စာစီစာကုံးနှင့် ကဗျာရှည်စာမူများကို ပေးပို့နိုင်သည်။

ဝတ္ထုစာမူအတွက် ပထမဆု ကျပ်ငါးသောင်း၊ ဒုတိယဆု ကျပ်လေးသောင်း၊ တတိယဆု ကျပ်သုံးသောင်းနှင့် နှစ်သိမ့်ဆု ကျပ်နှစ်သောင်း ချီးမြှင့်မည်ဖြစ်ပြီး စာစီစာကုံးနှင့်ကဗျာအတွက် ပထမဆု ကျပ်လေးသောင်း၊ ဒုတိယဆု ကျပ်သုံးသောင်း၊ တတိယဆု ကျပ်နှစ်သောင်းနှင့် နှစ်သိမ့်ဆု ကျပ်တစ်သောင်းစီကို သီတင်းကျွတ်လပြည့်နေ့တွင် အထက်ပါ ဓမ္မရိပ်သာ၌ အခမ်းအနားဖြင့် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် အောက်တိုဘာ ၂၅ရက် နောက်ဆုံးထား၍ ဒေါ်ယုဇနဝတီ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ဖုန်း–၆၃၅၆၃၂ မင်္ဂလာဒုံသို့လည်းကောင်း၊ ပန်းမျိုးတစ်ရာ စာပေ ဆရာဦးချစ်စံဝင်း တိုက် ၉ အခန်း ၂၀၃ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်စာတိုက် ဖုန်း–၂၀၂၇၇၂(၀၉–၅၀–၁၆၈၃၁)သို့ လည်းကောင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ဆောင်ရွက်

**စက်တင်ဘာ ၂၃ ရက်က ရေကြည် မြို့မ စည်ပင်သာယာ ဈေးပတ်လည်ရှိ ရေမြောင်းများ ရှင်းလင်းခြင်းနှင့် ဈေးတွင်း ဈေးပြင် သန့်ရှင်းရေးလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်သိန်း တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



## မော်ကျွန်း၌ရေရရှိရေး တူးဖော်ဆောင်ရွက်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁**

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း တစ်လက်မခွဲလက်နှိပ်တုံကင် ၂၀ကို မြို့နယ်အတွင်းရှိ ကျေးရွာ၂၀တို့တွင် ဆက်လက်တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ရက်က သုံးဂူကျေးရွာအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက် စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ်စည်ပင်)**

**စက်တင်ဘာ ၂၉ ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း တပ်ဆင်ထားသော လျှပ်စစ်ဝါယာကြိုးများအား စစ်ဆေးခြင်း၊ ဆိုင်ခန်းမီးနှင့် လုံခြုံရေးမီး ခွဲခြားခြင်းများအား မြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်း ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးနေမန်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





## ဂုဏ်ပြုဆုပေးအပ်

မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၁ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဂျာအောင်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

## မလှိုင်မြို့နယ် မြန်မာ့တိုးတက်ရေး စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြား

**မလှိုင် စက်တင်ဘာ ၂၂**

မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ သဲကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး 'မြန်မာ့တိုးတက်ရေး' စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၅ရက်က သဲကန် အမကကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဲကန်ကျေးရွာ အုပ်စု ရပ်ကွက်ဥက္ကဋ္ဌ ဦးပြုံးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဦးကျော်သန်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြသည်။

**လှူဒါန်း**

ဆက်လက်၍ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက သဲကန်ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်းမျိုးစုံကို ပေးအပ် လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက် အဖွဲ့ဝင် ဦးမောင်မောင်က လက်ခံရယူ သည်။ **(အပေါ်ယာပုံ)** (၄၁၉)

**သန်လျင်မြို့နယ် ပညာရေးမှူး ဒေါ်စန်းနု၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသရုပ်ပြပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၃၀ရက်က အထက(၂)ရတနာခန်းမ၌ ကျင်းပရာ မြို့ဟောင်း အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမဒေါ်နီလာသိန်းနှင့် အဖွဲ့က လက်တွေ့သရုပ်ပြ ရှင်းလင်းကြစဉ်။** (ခရိုင် ပြန်/ဆက်)



## သနပ်ပင်မြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

**သနပ်ပင် စက်တင်ဘာ ၂၇**

သနပ်ပင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန၏ စီစဉ်မှုဖြင့် စပါးခင်းများ အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က အောက်စုရပ်ကွက်ရှိ လယ် သမားကြီး ဦးမောင်ဝင်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးမြင့် သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါး လုပ်ငန်းအသင်းဥက္ကဋ္ဌဦးအောင်မောင်း နှင့် အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှု ရေး အသင်းအဖွဲ့ဝင်များက ရွှေဝါ ငါးကြင်း၊ ငါးခုံးမ၊ တီလားဗီးယား ငါးသားပေါက် ကောင်ရေ ၁၅၀၀၀၀ ကို မိုးစပါးစိုက်ခင်းဧက ၃၀၀ အတွင်း ငါးမျိုးစိုက်ထည့် ပေးကြသည်။

**(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)**



## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်

**ကော့ကရိတ် စက်တင်ဘာ ၁၆**

ကော့ကရိတ်မြို့နယ် လောင်းကိုင် ကျေးရွာတွင် စက်တင်ဘာ ၇ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်း၊ ကော့ကရိတ်ခရိုင် ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးအရာရှိ ဦးခင်ဇော်နှင့် လောင်းကိုင်ကျေးရွာဥက္ကဋ္ဌ ဦးအောင်မဲ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးခင်ဇော်က ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားပြီး စာအုပ်မျိုးစုံအုပ်ရေ ၅၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးမန်းလင်းရွှေက လက်ခံ ရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

## ကြည့်ရှုစစ်ဆေး

**စက်တင်ဘာ ၁၂ရက်က ကသာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသောကျေး လက်လမ်းဖြစ်သည့် ကသာ-လေ့ဘိုလမ်း ကျောက်ခင်းခြင်း လုပ်ငန်းကို စစ်ကိုင်းတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



**ဗန်းမော်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော် သူနှင့် ရုံးဝန်ထမ်းများ စက်တင်ဘာ ၂ ရက်က ရုံးရှေ့သာယာလှပရေး အတွက် ပန်းအလှပင်များ စိုက်ပျိုး ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ



**ကျောက်တန်းမြို့နယ် တံတားမြို့ ပုတ္တလုပ်ကျေးရွာ 'ပညာ့အလင်းရောင်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၂၈ရက်က ကျင်းပရာ စာအုပ်အလှူရှင် ဒုတိယဗိုလ်မှူးကြီး သန်းတင်(ငြိမ်း)၊ တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)





## မိုးကောင်းမြို့တွင်ကပ်တိုးများပြုလုပ် သာယာလှပရေး ပန်းအလှပင်များစိုက်ပျိုး

**မိုးကောင်း စက်တင်ဘာ ၁၈**

မိုးကောင်းမြို့သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ၆ရက်က ဦးဘိုးစောလမ်းတစ်လျှောက်တွင် ကပ်တိုးများပြုလုပ်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ပန်းအလှပင်များ စိုက်ပျိုးကြရာ အမှုဆောင် အရာရှိ ဦးအေးမြင့် ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**(ပြည်နယ်စည်ပင်)**

## မြန်မာ့အသံ

**၇-၁၀-၂၀၀၄**
**(ကြာသပတေးနေ့)**
**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓမ္မဂုဏ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသမီးများ လေ့လာနိုင်ရန် (ဓမ္မပူဇာတေး)
၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ဆွေးနွေးချက်) (စပါးမျိုးများ အကြောင်း)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)မထေရ်မြတ်တို့၏ စကားပိုင်း-၃(ဓမ္မဘေရီ အရှင်ဝီရိယ-တောင်စွန်း)
(၂)နှလုံးလှအဆုံးအမတော်များ (မန်းနန်-မော်ကျွန်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အသားစားသင့် မစားသင့်-ဒုတိယပိုင်း)
၁၂:၃၀ အစာနှင့် အာဟာရ (မုန့်ကြိုးလိမ်နှင့် မန်းမရွေး)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတရေးရာဖြေကြားလွှာ
၁၈:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ခေါင်းအုံးအောက်ကစောင်)
၁၈:၄၀ နှောင်းတေးထံတျာ

## ငွေကြာရုံ ဓမ္မဝိဟာရကျောင်း တည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ငွေကြာရုံဓမ္မဝိဟာရ သုံးထပ်ကျောင်းတော် တည်ဆောက်ရန် ပထမအကြိမ် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉နာရီ က ငွေကြာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။



**သီလဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ရေဝတငွေကြာရုံဆရာတော်ကြီးထံမှ အလှူရှင်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

**လက်ခံရယူ**

ထို့နောက် ငွေကြာရုံ ဓမ္မဝိဟာရ သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့နေ ခွားနဲဆန်နှင့် ဓမ္မမိတ်ဆွေများက ငွေကျပ်သိန်း၁၈၀နှင့် အလှူရှင်တစ်ဦးက ငွေကျပ် ၃၅သိန်း ပေးအပ်လှူဒါန်းကြရာ ငွေကြာရုံ ဓမ္မဝိဟာရ သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရေးကော်မတီဝင် စံပြဘောဂဗေဒ ဆရာဦးကံချွန်က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(က-ပ)**



အောက်တိုဘာ၄ ရက်က ပုဇွန်တောင်မြို့နယ် မဟာစည် ဩဝါဒခံ လယ်တီစိ သာသနာ့ ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ် မဂ္ဂင် ဓမ္မာရုံကျောင်းတော်ကြီး နှစ်ခန်းစာ အတွက် ကျပ် ၁၀ သိန်းကိုအရှင် ဇောတိဝံသ ကမ္မဋ္ဌာနာစရိယ (ဓမ္မာစရိယ) အား အမှူးထားပြီး ဘုရား၊ ကျောင်း၊ရဟန်းဒါယကာကြီး(ဦးထွန်းရွှေ)အားရည်စူး၍ ဒေါ်ရင်ရွှေနှင့်သားသမီးမြေးတစ်စုအမှတ်(၄) ၁၂၃လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်က အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စက်တင်ဘာ ၁၆ရက်က သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက်တွင် ကျပ် ၁၄၅သိန်းတန် ကိုယ့်အားကိုယ်ကိုး ယုဝလမ်း လမ်းကြမ်းခင်းခြင်း လုပ်ငန်းအတွက် ကန်ထရိုက်တာ ဦးမောင်ထွန်း (ခ) ဦးရဲအောင်အား ယုဝလမ်း နိုင်လွန် ကတ္တရာလမ်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှ(မိဘမေတ္တာ)က ကိုတင်ငွေ ကျပ်၁၀သိန်း ပေးအပ်စဉ်။ (က-ပ)





## ပေးအပ်လှူဒါန်း

အောက်တိုဘာ၁ရက်က အဘိဓမ္မာ ဓမ္မပီမာန်တော် ဗဟန်း(၃)လမ်း မှတ်တိုင်အနီးရှိ ပြင်သစ်နိုင်ငံပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟို)တွင် ဦးမြင့်ဦး-ဒေါ်ယဉ်ယဉ်မြိုင် (၆၃)နှစ်မြောက်မွေးနေ့ စိုက်ပျိုးရေးသုတေသနဝင်း အနောက်ကြို့ကုန်း အင်းစိန်က အလှူငွေကျပ်တစ်သိန်းကို ကော်မတီဝင် ဦးနေဝင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)


FOREVER GROUP
NPE
Office Operating Course (Basic)
Desktop Publishing Course (DTP)
Engineering Design Course (AutoCAD)
Programming Course (Visual Basic, C++)
Computerized Accounting Course (Accpac, UBS)
Hardware & System Administration Course (A+)
Database (Access)
Internet & E-mail
No.173/175, Pansodan Street, Kyauktada Township, Yangon.
Ph: 01-256265, 701180


## ကျေးဇူးတင်ရှိခြင်း

ယနေ့ထိ လစဉ်မပြတ် ထွက်ရှိနေသော ကျွန်တော်၏ လုံးချင်းဝတ္ထုများကို ဖတ်ရှုအားပေးရင်း တိုးတက်လာသော စာဖတ်ပရိသတ်များစွာအား ကျေးဇူးအထူးတင်ရှိပါသည်။

**စောညို (စာရေးဆရာ)။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၂က/၈၉၉၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**


ဝန်ထမ်းအလိုရှိသည်

1. Branded

| | | |
|---|---|---|
| Brand Manager | Male/Female | (1) Post |
| Merchandiser | Male/Female | (1) Post |
| Brand Executive | Male/Female | (1) Post |

2. Merchandising Manager Male/Female (1) Post

MBA DMA

3. Management Trainee Male/Female (4) Post

B.Com/B.Econ/B.A(BM)/B.A(BS)

Microsoft office

Blazon Department Store







# ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ၈-၁၀-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်းသို့ ၂၉-၁၀-၂၀၀၄ ရက်နေ့ မွန်းလွဲ ၂ နာရီထက်နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်လက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း) ဖုန်းအမှတ်-၃၇၁၂၈၄၊ ၃၇၁၉၆၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုဆေးသိုလှောင်ရေးဌာန**
**ကျန်းမာရေးဦးစီးဌာန။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
## ကြော်ငြာစာအမှတ် ၃၈/၂၀၀၄
## (၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်-

| စဉ် | ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|---|
| (က) | ဦးစီးအရာရှိ(စီမံ-၂) (အမျိုးသား) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ | ၃ နေရာ |
| (ခ) | ဦးစီးအရာရှိ(စီမံ-၂) (အမျိုးသမီး) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ | ၂ နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၆-၁၀-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁၀-၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ဝိ/- ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆-၁၀-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၄-၁၂-၂၀၀၄ နေ့နှင့် ၅-၁၂-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၂-၁၂-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ Csstb. imis. com. mm တွင်လည်း ဖော်ပြထားသည်။

# အမြန်အလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဘာသာပြန် (English to Myanmar) ကျား၊ မ (၄)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။

အသက်ကန့်သတ်ချက်မရှိ၊

စိတ်ပါဝင်စားသူများသည် ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့်အတူ (၁၆-၁၀-၂၀၀၄) နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**Golden Dragon 2000 Trading Co., Ltd.**

**တိုက် ၄၄၉၊ အခန်း ၂၀၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၅၄၄၉၄၆။**




# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
# လေလံကြော်ငြာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အောင်မင်္ဂလာ အဝေးပြေးဆိုင်ခန်းများ၊ ဒဂုံဈေးပွဲရုံနှင့် အဝေးပြေး ဆိုင်ခန်းများ၊ စော်ဘွားကြီးကုန်းပွဲရုံ ဆိုင်ခန်းများ၊ လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်း၊ ရပ်ရှင်ရုံ အနီးရှိ ဆိုင်ခန်းများ၊ ဆိုက်ကားပစ္စည်း(ဟောင်း)များ၏ အစိတ်အပိုင်းများ အစရှိသည့် အသုံးမလို ပိုလျှံ ပစ္စည်းဟောင်းများ၊ တာယာများ၊ ပိုက်ဆက်ပစ္စည်းများ၊ ကတ္တရာပုံးခွံများ၊ လောင်စာတုံးစက်နှင့် အမှိုက်ဖိသိပ်စက်များ လေလံတင် ရောင်းချခြင်းနှင့် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နား စခန်းတွင် ယာယီပစ္စည်း စုပုံခွန် ကောက်ခံခြင်းလုပ်ငန်း၊ ဒဂုံ-ဈေးပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နား စခန်းတွင် နားနေဆောင်လုပ်ငန်း၊ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းတွင် ကားရေဆေးခြင်းလုပ်ငန်း၊ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ သံသုမာ ယာဉ်ရောင်းဝယ်ရေးစခန်း၊ ကျိုက္ကဆံယာဉ်နှင့်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းတို့ရှိ သန့်စင်ခန်းလုပ်ငန်းများအား ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် လေလံတင် အငှားချထားခြင်း တို့ကို ၁၉-၁၀-၂၀၀၄ ရက် အင်္ဂါနေ့ ဝ၉း၃၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံများနှင့် လေလံစည်းကမ်းချက်များကို တစ်စုံလျှင် ၂၀၀ဝိ/-(ကျပ်နှစ်ထောင်ကျပ်တိတိ) နှုန်းဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော် ခန်းမအနီးရှိ ဆယ်ထပ်ရုံး [အင်ဂျင်နီယာဌာန(အဆောက်အအုံ)] ပဉ္စမထပ်တွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၈-၁၀-၂၀၀၄ရက် တနင်္လာနေ့ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါကအင်ဂျင်နီယာဌာန(အဆောက်အအုံ) (ဖုန်း-၂၄၉၅၂၅၊ ၂၄၈၁၁၂ လိုင်းခွဲ-၂၇၉) သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်**
**ရောင်းချရေးအဖွဲ့။**













# အမျိုးသားပညာရည်မြင့်မားရေး အမျိုးသားပညာရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်နေ နိုင်ငံတော်အစိုးရက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး ဆရာများ၏အရေးပါမှု အသိအမှတ်ပြု ဆရာ့အရည်အသွေးတိုးတက်မြင့်မားရေးနှင့် အခွင့်အလမ်းတိုးပွားဖြစ်ထွန်းရေး ဆက်လက်အားပေးသွားမည်

ရန်ကုန် အောက်တိုဘာ ၅

**အောက်တိုဘာ ၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့(World Teachers' Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမဥကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ပြုခံ ဂုဏ်ထူးဆောင်ဆရာကြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသန်းဦးအား ဂါရဝပြုကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (မြန်မာ့အလင်း)

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်းပညာရေးမှူးများ၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကျောင်းတွင်းပညာရေးလုပ်ငန်း ကော်မတီဝင်များ၊ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ကော်မတီဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များ၊ ဆုရဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများဖြစ်ကြသည့် မရတနာအေးမင်းနှင့်မဟောက်ခန့်ဒင်(မ်)တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိကြသော ကျောင်းသားကျောင်းသူလေးများက 'မြတ်ဆရာ'သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ■





# မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်သောအင်အားစုများက မမှန်မကန်စွပ်စွဲမှုများပြုလုပ်လျက်ရှိ မဟုတ်မမှန်လုပ်ကြံစွပ်စွဲနေမှုများအပေါ် လက်တွေ့ကျကျချေပမှုများပြုလုပ် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း တိတိကျကျလိုက်နာစေရန် ကြပ်မတ်ကွပ်ကဲ

**ရန်ကုန် အောက်တိုဘာ ၅**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမဥကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၆ ကော်လံ ၁* ●

မြန်မာ့အလင်း

**ဆောင်းပါးကောက်နုတ်ချက်**

မြန်မာ အစိုးရဟာ အမေရိကန်ရဲ့ ဩဇာခံ မလုပ်လို့ ဖြစ်ပါတယ်၊ အမေရိကန် အလိုကျ မဆောင်ရွက်လို့ ဖြစ်ပါတယ်၊ တိုင်းပြည်ပျက်ရင် ပျက်ပါစေ၊တည်ဆဲအစိုးရကသာ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ဩဇာခံလုပ်မယ် ဆိုရင် ဘွဲ့ထူးဂုဏ်ထူးတွေ တသီကြီးပင် ရလာနိုင်ပါတယ်။

**အောင်မိုးစံ၏ "အမေရိကန်ဆီးနိတ်ရဲ့ သံကိုကြွက်စားသားကိုစွန်ချီ ဆုံးဖြတ်ချက်"**

**ဆောင်းပါး(စာ-၃)**

6-10 (20).p65 1 25.03.1905, 11:56 PM